ပြည်ထောင်စုမြန်မာနိုင်ငံတော်

တရားရုံးချုပ်ရှေ့နေများကောင်စီ

# ရှေ့နေရှေ့ရပ်များ၏ကျင့်ဝတ်သိက္ခာများ

# တာဝန်များနှင့် အခွင့်အရေးများ

သတ္တမအကြိမ်ပုံနှိပ်ခြင်း

ရှေ့နေချုပ်ရုံးက ထုတ်ဝေသည်။
၂၀၁၀ ပြည့်နှစ်

ပထမအကြိမ်ပုံနှိပ်ခြင်း
၁၉၉၀ ပြည့်နှစ်၊ ဇူလိုင်လ
အုပ်ရေ -၃၀၀၀

ဒုတိယအကြိမ် ဖြည့်စွက်ပုံနှိပ်ခြင်း
၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလ
အုပ်ရေ -၂၀၀၀
တတိယအကြိမ် ဖြည့်စွက်ပုံနှိပ်ခြင်း
၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလ
အုပ်ရေ - ၂၀၀၀

စတုတ္ထအကြိမ် ပုံနှိပ်ခြင်း
၂၀၀၁ ခုနှစ်၊ မေလ
အုပ်ရေ - ၁၀၀၀

ပဥ္စမအကြိမ် ပုံနှိပ်ခြင်း
၂၀၀၁ ခုနှစ်၊ စက်တင်ဘာလ
အုပ်ရေ - ၁၀၀၀

ဆဋ္ဌမအကြိမ် ပုံနှိပ်ခြင်း
၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ
အုပ်ရေ - ၁၀၀၀

သတ္တမအကြိမ် ပုံနှိပ်ခြင်း
၂၀၁၀ ပြည့်နှစ်၊ ဇွန်လ
အုပ်ရေ - ၂၀၀၀

တန်ဖိုး ၂၅၀၀/- ကျပ်

ရွှေနေချုပ်ရုံးက ထုတ်ဝေသည်
၂၀၁၀ ပြည့်နှစ်

# မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | နိဒါန်း | ၁ |
| ၁။ | **ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာများ** | ၄ |
| | (က) ရှေ့နေရှေ့ရပ်လုပ်ငန်းနှင့် စပ်လျဉ်းသည့် ကျင့်ဝတ်သိက္ခာများ | ၄ |
| | (ခ) တရားရုံးများ၊ တရားသူကြီးများနှင့်စပ်လျဉ်းသည့် ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာများ | ၈ |
| | (ဂ) အမှုလိုက်ပါဆောင်ရွက်ခြင်းနှင့် စပ်လျဉ်းသည့် ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာများ | ၁၀ |
| | (ဃ) အမှုသည်များနှင့် ပတ်သက်သည့် ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာများ | ၁၆ |
| | (င) သက်သေများနှင့် ပတ်သက်သည့် ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာများ | ၁၈ |
| | (စ) ရှေ့နေရှေ့ရပ်အချင်းချင်းနှင့် ပတ်သက်သည့် ကျင့်ဝတ်သိက္ခာများ | ၁၉ |
| ၂။ | **ရှေ့နေရှေ့ရပ်များ၏ တာဝန်များ** | ၂၀ |
| | (က) ရှေ့နေရှေ့ရပ်လုပ်ငန်းနှင့် စပ်လျဉ်းသည့်တာဝန်များ | ၂၀ |
| | (ခ) တရားရုံးများနှင့်စပ်လျဉ်းသည့် ရှေ့နေရှေ့ရပ်များ၏ တာဝန်များ | ၂၂ |
| | (ဂ) အမှုသည်များနှင့်ပတ်သက်သည့် ရှေ့နေရှေ့ရပ်များ၏ တာဝန်များ | ၂၆ |

| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


(ဃ) သက်သေများနှင့်ပတ်သက်သည့် ရှေ့နေရှေ့ရပ်များ၏ တာဝန်များ ၂၉

(င) ရှေ့နေရှေ့ရပ်အချင်းချင်းနှင့် ပတ်သက်သည့် တာဝန်များ ၃၀

(စ) အလုပ်သင်ရှေ့နေများနှင့်ပတ်သက်သည့် တရားရုံးချုပ်ရှေ့နေများ၏ တာဝန်များ ၃၁

၃။ **ရှေ့နေရှေ့ရပ်များ၏ အခွင့်အရေးများ** ၃၂


နောက်ဆက်တွဲ


(က) The Bar Council Act ၃၈

(ခ) The Legal Practitioners Act ၄၈

(ဂ) တရားရုံးချုပ်ရှေ့နေများကောင်စီ၏ ၂. ၁၀. ၉၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၉၆ (၁၉၅၄ ခုနှစ်၊ တရားရုံးချုပ် ရှေ့နေများအဖြစ် ဝင်ခွင့်နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ) ၆၀

(ဃ) တရားရုံးချုပ်၏ ၂၀. ၁၀. ၈၈ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၈/၈၈ ၆၁

(င) ပြည်ထောင်စု မြန်မာနိုင်ငံတော် ရှေ့နေချုပ်ရုံး အမိန့်ကြော်ငြာစာအမှတ် ၅/၈၉ (တရားရုံးချုပ် ရှေ့နေများကောင်စီ ဖွဲ့စည်းခြင်း) ၆၂

(စ) တရားရုံးချုပ်ရှေ့နေများကောင်စီ၏ ၁၄. ၉. ၉၀ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၂/၉၀ ၆၄

| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ဆ) | တရားရုံးချုပ်ရှေ့နေများကောင်စီ၏ ၂၆. ၉. ၉၃ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၂/၉၃ | ၆၅ |
| (ဇ) | တရားရုံးချုပ်ရှေ့နေများကောင်စီ၏ ၁၀. ၅. ၉၃ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၄/၉၃ | ၆၆ |
| (ဈ) | တရားရုံးချုပ်ရှေ့နေများကောင်စီ၏ ၁၃. ၁၀. ၉၃ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၅/၉၃ | ၆၇ |
| (ည) | တရားရုံးချုပ်ရှေ့နေများကောင်စီ၏ ၉. ၆. ၉၅ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁/၉၅ | ၆၈ |
| (ဋ) | တရားရုံးချုပ်ရှေ့နေများကောင်စီ၏ ၃၀. ၁၂. ၉၆ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၃/၉၆ | ၆၉ |
| (ဌ) | တရားရုံးချုပ်ရှေ့နေများကောင်စီ၏ ၄. ၁၂. ၉၈ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁/၉၈ | ၇၀ |
| (ဍ) | တရားရုံးချုပ်ရှေ့နေများကောင်စီ၏ ၁၉. ၈. ၉၉ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁/၉၉ | ၇၁ |
| (ဎ) | တရားရုံးချုပ်ရှေ့နေများကောင်စီ၏ ၂၂. ၁၁. ၂၀၀၀ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၀၀ | ၇၂ |
| (ဏ) | တရားရုံးချုပ်ရှေ့နေများကောင်စီ၏ ၂၅. ၁. ၂၀၀၂ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၀၂ | ၇၃ |

# နိဒါန်း

၁။ ဥပဒေမဏ္ဍိုင် ကြံ့ခိုင်မှ နိုင်ငံအေးချမ်းနိုင်ပါသည်။ ဥပဒေမဏ္ဍိုင် ကြံ့ခိုင်ရေးအတွက် ဥပဒေလုပ်ငန်းတွင် ကျွမ်းကျင်သော ဥပဒေပညာရှင်များ၊ ရှေ့နေရှေ့ရပ်လုပ်ငန်းတွင် အရည်အချင်းပြည့်ဝသော ရှေ့နေရှေ့ရပ်များ လိုအပ်ပါသည်။ အရည်အချင်းဆိုသည်မှာ ဥပဒေတတ်ကျွမ်းမှု၊ စိတ်ထားကောင်းမွန် မှန်ကန်မှု၊ ကျင့်ဝတ်သိက္ခာလိုက်နာ စောင့်စည်းမှုတို့ ဖြစ်ပါသည်။

၂။ ရှေ့နေရှေ့ရပ်များ လိုက်နာအပ်သော ကျင့်ဝတ်သိက္ခာအချို့ကို ရှေ့နေလိုက်သူများ အက်ဥပဒေ၊ တရားမကျင့်ထုံး ဥပဒေ၊ ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေ၊ သက်သေခံဥပဒေ စသော ဥပဒေများ၊ တရားရုံးများလက်စွဲနှင့် တရားရုံးချုပ် ညွှန်ကြားလွှာစသည်တို့တွင် တွေ့ရှိနိုင်ပါသည်။ ယင်းသို့ ဥပဒေများ၊ ညွှန်ကြားလွှာများ၊ စီရင်ထုံးများ စသည်တို့တွင် အနှံ့အပြားဖြစ်နေသော ကျင့်ဝတ်သိက္ခာ လမ်းညွှန်မှုအဖြာဖြာတို့ကို အသင့်အလွယ် လေ့လာဖတ်ရှု ဂရုပြုလိုက်နာနိုင်ကြစေရန် ယခင် ဗဟိုတရားရုံးရှေ့နေများကောင်စီက "ရှေ့နေရှေ့ရပ်တို့၏ ကျင့်ဝတ် သိက္ခာစာတမ်း" အမည်ဖြင့် စာတမ်းတစ်စောင်ကို ၁၉၈၀ ပြည့်နှစ်၊ ဧပြီလက ထုတ်ဝေခဲ့ပါသည်။

၃။ တရားရုံးချုပ်၏ ၂၀. ၁၀. ၈၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈/၈၈ဖြင့် ဗဟိုတရားရုံးရှေ့နေများကောင်စီကို တရားရုံးချုပ်ရှေ့နေများကောင်စီ (Bar Council) ဟူ၍လည်းကောင်း၊ ဗဟိုတရားရုံးချုပ်ရှေ့နေကို တရားရုံးချုပ်ရှေ့နေ (Advocate) ဟူ၍လည်းကောင်း အမည်ပြောင်းခေါ်ဝေါ်ရန် သတ်မှတ်ခဲ့ပါသည်။ ၁၉၈၉ ခုနှစ်တွင် တရားရုံးချုပ် ရှေ့နေများကောင်စီကို တရားရုံးချုပ်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (ဥပဒေအမှတ် ၂၂/၈၉) အရ တရားရုံးချုပ်ရှေ့နေများကောင်စီ၏ ၉-၁၀-၈၉ နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅/၈၉ ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ ထို့နောက် လစ်လပ်လျှက်ရှိသော အဖွဲ့ဝင်များ၏နေရာ၌ အမိန့်ကြော်ငြာစာအမှတ် ၂/၉၀၊ အမှတ် ၂/၉၃၊ အမှတ် ၄/၉၃၊ အမှတ် ၅/၉၃၊

အမှတ် ၁/၉၅၊ အမှတ် ၃/၉၆၊ အမှတ် ၁/၉၈ နှင့် အမှတ် ၁/၉၉ တို့ဖြင့် ဖြည့်စွက်ဖွဲ့စည်းထားရှိပါသည်။

၄။ ယခုအခါ ရှေ့နေရှေ့ရပ်များအဖြစ် အသက်မွေးဝမ်းကျောင်းပြုသူများ တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာရာ ရှေ့နေရှေ့ရပ်တို့၏ ကျင့်ဝတ်သိက္ခာများ၊ တာဝန်ဝတ္တရားများ၊ စည်းကမ်းနည်းလမ်းများနှင့် အခွင့်အရေးများကို ကောင်းစွာ သိရှိနားလည်လိုက်နာကျင့်သုံးကြရန် အထူး လိုအပ်လျက်ရှိသည်မှာ အငြင်းပွားဖွယ်မရှိသော အချက်တစ်ရပ်ဖြစ်ပါသည်။

၅။ တရားရုံးချုပ် ရှေ့နေများကောင်စီသည် တရားရုံးချုပ်၏ ကြိုတင် ခွင့်ပြုချက်ဖြင့် ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာများ၊ တာဝန်များ၊ စည်းကမ်းများနှင့် အခွင့်အရေးများကို တရားရုံးချုပ်ရှေ့နေများကောင်စီ အက်ဥပဒေပုဒ်မ ၁၅(က) အရ နည်းဥပဒေဖြင့် ပြဋ္ဌာန်းသတ်မှတ်နိုင်ပါသည်။ ယင်းသို့ ပြဋ္ဌာန်းခြင်းမပြုမီ လမ်းညွှန်အဖြစ် ဖတ်ရှုလေ့လာ လိုက်နာကျင့်သုံးနိုင်ကြရန်အတွက် "ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာများ၊ တာဝန်များနှင့် အခွင့်အရေးများ" စာစောင်ကို ၁၉၉၀ ပြည့်နှစ်၊ ဇူလိုင်လက ပထမအကြိမ် ထုတ်ဝေခဲ့ပြီး၊ ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလတွင် ဒုတိယအကြိမ်ကို ဖြည့်စွက်ချက်များဖြင့် ထုတ်ဝေခဲ့ပါသည်။

၆။ ယခု တတိယအကြိမ်အဖြစ် ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာများ၊ တာဝန်များနှင့် အခွင့်အရေးများနှင့်စပ်လျဉ်း၍ သိရှိသင့်သည်များကို ဖြည့်စွက်ချက်များဖြင့် ထုတ်ဝေခြင်းဖြစ်ပါသည်။ ရှေ့နေရှေ့ရပ်များသည် ဤစာစောင်ကို လုပ်ငန်းလမ်းညွှန်အဖြစ် လိုက်နာကျင့်သုံးကြရန် တရားရုံးချုပ်ရှေ့နေများ ကောင်စီအနေဖြင့် အလေးအနက်တိုက်တွန်း နှိုးဆော်အပ်ပါသည်။

## အခန်း (၁)

## ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာများ

၇။ ရှေ့နေရှေ့ရပ်များ၏ လုပ်ငန်းသည် တရားစီရင်ရေးတွင် တရားမျှတ မှန်ကန်မှု ရရှိရေးတို့အတွက် အကျိုးဆောင်ပေးရသည့် မွန်မြတ်သော အသက်မွေးဝမ်းကျောင်း လုပ်ငန်းတစ်ရပ် ဖြစ်ပါသည်။ ယင်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ကြမည့် ပုဂ္ဂိုလ်တို့မှာ လိုအပ်သော ပညာအရည်အချင်းများ ပြည့်စုံကြရမည့်အပြင် လုပ်ငန်းနှင့် လိုက်လျောညီထွေသော ကျင့်ဝတ်သိက္ခာများ ပြည့်စုံရန်လည်း လိုအပ်ပါသည်။

၈။ ကျင့်ဝတ်သိက္ခာဟူသည် ကောင်းမြတ်သော ကိုယ်ကျင့်တရားပင်ဖြစ်ပါသည်။ မိမိ၏ လုပ်ငန်းအပေါ် တာဝန်သိသိ သစ္စာရှိရှိ ပြည့်ဝသော သဘောထားဖြင့် ဆောင်ရွက်သူတို့အဖို့ အထူး သတ်မှတ်ပြဋ္ဌာန်းရန်ပင် လိုအပ်မည် မဟုတ်ပါ။ အမှန်နှင့် အမှား၊ အကောင်းနှင့်အဆိုး၊ တရားနှင့် မတရား၊ ဓမ္မနှင့် အဓမ္မ ခွဲခြားနားလည်ပြီး မိမိ၏ စိတ်သဘောကို သန့်ရှင်းစင်ကြယ်စေလျက် မကောင်းမွန်မှု၊ မမှန်ကန်မှု၊ မတရားမှုများကို ဖယ်ရှားကာ ကောင်းမွန်မှု၊ မှန်ကန်မှု၊ တရားမျှတမှုတို့ကို ကြိုးပမ်းပြည့်စုံစေရန်ပင် ဖြစ်ပါသည်။ သို့ဖြစ်၍လည်း ရှေ့နေရှေ့ရပ်များတို့၏ ကျင့်ဝတ်သိက္ခာများနှင့် စပ်လျဉ်း၍ တရားရုံးချုပ် ရှေ့နေများကောင်စီ အက်ဥပဒေတွင် အတိအလင်း ဖွင့်ဆိုထားခြင်း မရှိဘဲ အခါအားလျော်စွာ ပေါ်ပေါက်လာသော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တရားရုံးချုပ်က ချမှတ်သည့် စီရင်ထုံးများတွင်သာ လမ်းညွှန်ချက်များကို တွေ့ရှိရခြင်း ဖြစ်ပါသည်။

၉။ များစွာသော ရှေ့နေကြီးများသည် မိမိတို့၏ မွန်မြတ်သော ရှေ့နေရှေ့ရပ် လုပ်ငန်းတာဝန်များကို ရိုသေလေးစားလျက် စောင့်စည်းလိုက်နာအပ်သော ကျင့်ဝတ်သိက္ခာများကို စောင့်စည်းလိုက်နာခဲ့ကြပါသည်။ အကျင့်သိက္ခာ ပျက်ပြားခြင်းဟူသော စကားရပ်သည် လွန်စွာ ကျယ်ဝန်းသော အနက်အဓိပ္ပါယ်ကို ဆောင်ပါသည်။ အကျင့်သိက္ခာရှိသော လုပ်ငန်းတူ ပုဂ္ဂိုလ်များက အကြင်သို့သောအမှုသည် ကျင့်ဝတ်သိက္ခာ ဖောက်ဖျက်မှုဖြစ်သည်ဟု သတ်မှတ်ထားကြလျှင် ထိုသို့သောအမှုသည် အကျင့်သိက္ခာ

ဖောက်ဖျက်မှုဖြစ်သည်ဟု လက်ခံကြပါသည်။ သို့ဖြစ်၍ တရားရုံးချုပ်သည် အမှုကိစ္စရပ်များကို တစ်မှုချင်းအလိုက် အဖြစ်အပျက် အခြေအနေတို့ကို ဆင်ခြင်တုံတရားဖြင့် လေ့လာသုံးသပ် ဆုံးဖြတ်ရပါသည်။

၁၀။ ရှေ့နေများသည် အမှန်တရားဖြစ်ထွန်းစေရန် ရုံးအရာရှိများသဖွယ် ကူညီဆောင်ရွက်ကြရပါသည်။ ပြည်သူတို့၏ အကျိုးဆောင်လည်းဖြစ်ပါသည်။ သို့အတွက် မိမိအမှုသည်များဖြစ်သည့် ပြည်သူ့အတွက် သစ္စာရှိရန် လိုသကဲ့သို့ တရားရုံးများအပေါ်တွင်လည်း သစ္စာထားရန်လိုသည်။ ရှေ့နေများ၏ ကျင့်ဝတ်သိက္ခာ ပုဒ်မများကို အကျယ်တဝင့် အပြည့်အစုံရေးသားထားခြင်း မရှိသော်လည်း လက်တွေ့ကျင့်စဉ်နှင့် စီရင်ထုံးများ၏ လမ်းညွှန်ချက်အရ အထူးသင်ကြားပြသရန်မလိုသော ကိုယ်ကျင့်တရားများ ထင်ရှားရှိလေသည်။ (၁၉၆၈ ခုနှစ်၊ မြန်မာနိုင်ငံ စီရင်ထုံး (တရားရုံးချုပ်)၊ စာ ၂၀၈)

၁၁။ ကျင့်ဝတ်သိက္ခာဟူသည် ကိုယ်ကျင့်တရားပင်ဖြစ်၍ တာဝန်သိသိ၊ စေတနာရှိရှိ ဆောင်ရွက်သူတို့အဖို့ အထူးပြဋ္ဌာန်း သတ်မှတ်ရန်ပင်မလိုပါ။ သဘာဝအားဖြင့် အမှားအမှန်ကို ခွဲခြားသိမြင်ရာမှ အမှန်အတိုင်း စောင့်ထိန်းကျင့်သုံးသော အလေ့အကျင့်ဖြစ်ပေါ်စေပါသည်။ (၁၉၇၀ ခုနှစ်၊ မြန်မာနိုင်ငံ စီရင်ထုံး (တရားရုံးချုပ်) စာ၁၈)

၁၂။ ရှေ့နေရှေ့ရပ်များသည် ကျင့်ဝတ်သိက္ခာများကို စောင့်စည်းလိုက်နာအပ်ပါသည်။ စောင့်စည်းခြင်းကြောင့် အပြစ်မရှိပါ။ အစွပ်အစွဲ ကင်းပါသည်။ အေးမြချမ်းသာပါသည်။ ဤအခန်းတွင် ရှေ့နေရှေ့ရပ်များ သတိပြု လိုက်နာရမည့် ကျင့်ဝတ်သိက္ခာ လမ်းညွှန်မှု အဖြာဖြာတို့ကို ဖော်ပြထားပါသည်။

## (က) ရှေ့နေရှေ့ရပ် လုပ်ငန်းနှင့် စပ်လျဉ်းသည့် ကျင့်ဝတ်သိက္ခာများ

၁၃။ ရှေ့နေရှေ့ရပ်လုပ်ငန်းနှင့် စပ်လျဉ်း၍ဖြစ်စေ၊ အခြားကိစ္စနှင့် စပ်လျဉ်း၍ ဖြစ်စေ၊ အကျင့်သိက္ခာပျက်ပြားသော တရားရုံးချုပ်ရှေ့နေ တစ်ဦး တစ်ယောက်အား တရားရုံးချုပ်က သတိပေးခြင်း၊ ရှေ့နေလိုက်ခွင့် ရပ်ဆိုင်းခြင်း၊ ရှေ့နေအဖြစ်မှ ထုတ်ပယ်ခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။ [ တရားရုံးချုပ် ရှေ့နေများကောင်စီ အက်ဥပဒေ

ပုဒ်မ ၁၀ (ဂ) ]

၁၄။ ရှေ့နေတစ်ဦးတစ်ယောက်သည် ကိုယ်ကျင့်တရား ပျက်ပြားသော ပြစ်မှု တစ်ခုခုအတွက် ပြစ်ဒဏ်ချမှတ်ခြင်း ခံရပါက ယင်းရှေ့နေအား တရားရုံးချုပ်က ရှေ့နေအဖြစ်မှ ရပ်ဆိုင်းခြင်း၊ သို့မဟုတ် ထုတ်ပယ်ခြင်း ပြုနိုင်ပါသည်။ (ရှေ့နေလိုက်သူများ အက်ဥပဒေ ပုဒ်မ ၁၂ ).

၁၅။ **အောက်ပါ ပြုမူဆောင်ရွက်ချက် တစ်ရပ်ရပ်ကို ကျူးလွန်သော ရှေ့နေ တစ်ဦး တစ်ယောက်အား တရားရုံးချုပ်က ရှေ့နေအဖြစ်မှ ရပ်ဆိုင်းခြင်း သို့မဟုတ် ထုတ်ပယ်ခြင်း ပြုနိုင်ပါသည် -**

(က) မိမိအား ငှားရမ်းထားသော အမှုသည်၊ တရားမကျင့်ထုံး ဥပဒေတွင် အနက်အဓိပ္ပာယ် ဖွင့်ဆိုထားသော အသိအမှတ်ပြုခြင်းခံရသူ ကိုယ်စားလှယ်၊ အမှုသည်က လွှဲအပ်ထားသူ၊ ဆွေမျိုး သို့မဟုတ် မိတ်ဆွေ သင်္ဂဟတို့မှအပ အခြားပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ထံမှ အမှုနှင့် စပ်လျဉ်းသည့် ညွှန်ကြားချက် ရယူခြင်း [ ရှေ့နေလိုက်သူများ အက်ဥပဒေပုဒ်မ ၁၃ (က) ]

(ခ) ရှေ့နေရှေ့ရပ်လုပ်ငန်းကို မလျော်ကန်သောနည်းဖြင့် ဖြစ်စေ၊ လိမ်လည်၍ဖြစ်စေ ဆောင်ရွက်ခြင်း [ ရှေ့နေလိုက်သူများ အက်ဥပဒေ ပုဒ်မ ၁၃ (ခ) ]

(ဂ) မိမိကိုဖြစ်စေ၊ အခြားရှေ့နေတစ်ဦး တစ်ယောက်ကိုဖြစ်စေ၊ ရှေ့နေလုပ်ငန်း လာရောက်အပ်နှံစေရန် အမှုဆွယ်ပေးသူ တစ်ဦး တစ်ယောက်အား မိမိရရှိသော သို့မဟုတ် ရရန်ရှိသော အခကြေးငွေထဲမှ ကျေးဇူးပြုသည့်အနေဖြင့် ခွဲဝေပေးခြင်း၊ ခွဲဝေပေးရန် ကမ်းလှမ်းခြင်း၊ သို့မဟုတ် နှုတ်ယူထားရန် သဘောတူညီခြင်း [ ရှေ့နေလိုက်သူများ အက်ဥပဒေ ပုဒ်မ ၁၃ (ဂ) ]

(ဃ) အခကြေးငွေပေး၍ဖြစ်စေ၊ ပေးရန် သဘောတူညီ၍ဖြစ်စေ၊ ပေးရန် ကတိပြု၍ဖြစ်စေ၊ ကြားလူ တစ်ဦးတစ်ယောက်မှတစ်ဆင့် မိမိအား ရှေ့နေအဖြစ် ငှားရမ်းစေရန်အတွက် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆောင်ရွက်ခြင်း သို့မဟုတ် ဆောင်ရွက်ရန် အားထုတ်ခြင်း [ ရှေ့နေလိုက်သူများ အက်ဥပဒေပုဒ်မ ၁၃(ဃ) ]

(င) ရှေ့နေလိုက်သူများ အက်ဥပဒေပုဒ်မ ၃၆ အရ အမှုပွဲစားဟု ကြေညာထားခြင်း ခံရသူထံမှတစ်ဆင့် ရှေ့နေရှေ့ရပ်လုပ်ငန်းကို လက်ခံခြင်း [ ရှေ့နေလိုက်သူများ အက်ဥပဒေပုဒ် ၁၃ (င) ]

(စ) ရှေ့နေအဖြစ်မှ ရပ်ဆိုင်းရန် သို့မဟုတ် ထုတ်ပယ်ရန် အရေးယူထိုက်သည့် အခြား အကြောင်းအချက် တစ်စုံတစ်ရာကို ကျူးလွန်ခြင်း [ ရှေ့နေလိုက်သူများ အက်ဥပဒေပုဒ်မ ၁၃ (စ) ]

၁၆။ ရှေ့နေရှေ့ရပ်များသည် မိမိတို့ လိုက်ပါဆောင်ရွက်သောအမှုတွင် လေလံတင်ရောင်းချသည့် ပစ္စည်းကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း လေလံဆွဲဝယ်ခြင်း မပြုရပါ။ (တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၇၃)

၁၇။ ရှေ့နေရှေ့ရပ်များသည် မည်သည့်တရားစွဲဆို တောင်းယူပိုင်ခွင့် တစ်စုံတစ်ရာကိုမျှ ဝယ်ယူခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊ ပဋိညာဉ်ပြုလုပ်ခြင်း၊ သို့မဟုတ် ထိုတရားစွဲဆို တောင်းယူပိုင်ခွင့်မှ အကျိုးခံစားပိုင်ခွင့်ကိုဖြစ်စေ၊ အစုရှယ်ယာကိုဖြစ်စေ လက်ခံရန် သဘောတူညီခြင်း မပြုရပါ။ (ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေ ပုဒ်မ ၁၃၆)

၁၈။ တရားရုံးချုပ်ရှေ့နေတစ်ဦးက တောင်းဆိုသည့်အခါတွင် တရားရုံးချုပ်သည် ထိုသူအား ရှေ့နေလိုက်ခြင်းမှ ခေတ္တ ရပ်စဲထားနိုင်ပါသည်။ သို့မဟုတ် ထိုသူ၏အမည်

ကို တရားရုံးချုပ်ရှေ့နေများ စာရင်းမှ ထုတ်ပယ်နိုင်ပါသည်။ [တရားရုံးချုပ် ရှေ့နေများအဖြစ် ဝင်ခွင့်နည်းဥပဒေ ၁၁(၁)] (တရားရုံးများလက်စွဲ အပိုဒ်-၃)

၁၉။ ရှေ့နေအဖြစ် ဝင်ခွင့်ရပြီးသူ တစ်ဦးတစ်ယောက်သည် ကုန်သွယ်မှု သို့မဟုတ် အခြားစီးပွားရေးလုပ်ငန်းတစ်ခုခုတွင် ဝင်ရောက်လုပ်ကိုင်လျှင် ထိုသို့လုပ်ကိုင်ကြောင်းကို တရားရုံးချုပ်သို့ စာဖြင့်ရေးသား၍ အကြောင်းကြားရပါမည်။ တရားရုံးချုပ်သည် ထိုတရားရုံးချုပ်ရှေ့နေအား ရှေ့နေလိုက်ခြင်းမှ ခေတ္တရပ်စဲထားနိုင်ပါသည်။ သို့မဟုတ် တရားရုံးချုပ်က သင့်လျော်သည်ထင်မြင်သည့်အမိန့်များ ချမှတ်နိုင်ပါသည်။ [တရားရုံးချုပ်ရှေ့နေအဖြစ် ဝင်ခွင့်နည်းဥပဒေ ၁၁ (၂)] (တရားရုံးများလက်စွဲ အပိုဒ်-၃)

၂၀။ အထက်တန်းရှေ့နေများနှင့်ပတ်သက်၍လည်း အလားတူပင် ပြဋ္ဌာန်းထားပါသည်။ (၁၉၅၅ ခုနှစ် ရှေ့နေအဖြစ် ဝင်ခွင့်နည်းဥပဒေများ ၂၇၊ တရားရုံးများ လက်စွဲ အပိုဒ် ၇)

၂၁။ ရှေ့နေရှေ့ရပ်တစ်ဦးတစ်ယောက်၏ ဖောက်လဲဖောက်ပြန်ပြုမှုကြောင့် ရှေ့နေရှေ့ရပ်လုပ်ငန်းတစ်ရပ်လုံးကို အထင်သေးသူများ၊ အမြင်လွဲမှားသူများရှိနိုင်သဖြင့် ရှေ့နေရှေ့ရပ်များသည် ရှေ့နေရှေ့ရပ်လောကဂုဏ်သိက္ခာ မထိပါး၊ မကျဆင်း၊ မညစ်နွမ်းစေရအောင် အကျင့်ဖောက်မှုများကို အာဝဇ္ဇန်းကောင်း သတိဆောင်၍ အသိနှင့်ရှောင်သင့်ပါသည်။

၂၂။ ရှေ့နေရှေ့ရပ်များသည် မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ မည်သည့်နည်းနှင့်မဆို မိမိအမှုသည်ဘက်မှသာ ရပ်တည်မည်ဟူသော အတွေးအခေါ်မျိုးကို စွန့်လွှတ်သင့်ပါသည်။

၂၃။ ရှေ့နေရှေ့ရပ်များသည် မိမိတို့၏ ရှေ့နေရှေ့ရပ်လုပ်ငန်းကို ငွေရပေါက်အဖြစ်သာ သဘောထားပါက တရားမျှတရေးဦးတည်ချက် အနှစ်သာရပျောက်ပြီး အမှုအနိုင်ရရှိရေးကိုသာ စိတ်ဝင်စားနေတတ်မည်ဖြစ်ပါသည်။

၂၄။ ရှေ့နေရှေ့ရပ်များသည် မဟုတ်မမှန် လုပ်ကြံသည့်တိုင်စာ၊ ပစ်စာများ ရေးသားပေးခြင်း၊ ကိုယ်တိုင်လက်မှတ်ရေးထိုးပေးခြင်း မပြုသင့်ပါ။

၂၅။ ရှေ့နေ ရှေ့ရပ်များသည် ဥပဒေနှင့်အညီ အယူခံပြင်ဆင်မှု တက်နိုင်ပါလျက် နိုင်ငံတော်အာဏာပိုင်အဖွဲ့အစည်းများသို့ တိုင်စာများ ရေးသားပေးခြင်းမပြုအပ်ပါ။

၂၆။ ရှေ့နေ ရှေ့ရပ်လုပ်ငန်းအား အစဉ်အလာအရ မွန်မြတ်သည့်လုပ်ငန်းအဖြစ် သတ်မှတ်ထားကြသည်။ ယင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် သိက္ခာရှိစွာနှင့် တည့်မှတ် မှန်ကန်စွာ ဆောင်ရွက်ကြရန် အထူးအရေးကြီးသည်။ (၁၉၉၈ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ - ၁၃၂)

၂၇။ ရှေ့နေကျင့်ဝတ်သိက္ခာဟူသည် အသိတရားနှင့်ယှဉ်၍ ထားရှိသင့်သော ကိုယ်ကျင့်တရားဖြစ်သည်။ [၁၉၉၆ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ-၃၁ (တရားမ)]

## (ခ) တရားရုံးများ၊ တရားသူကြီးများနှင့်စပ်လျဉ်းသည့် ရှေ့နေ ရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာများ

၂၈။ ရှေ့နေ ရှေ့ရပ်များသည် တရားရုံးအပေါ် မထေမဲ့မြင်ပြုရာရောက်သည့် အပြုအမူများကို သဘိထား၍ ရှောင်ရှားသင့်ပါသည်။ တရားရုံးအပေါ် မထေမဲ့မြင်ပြုပါက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၂၈ အရသော်လည်းကောင်း၊ တရားရုံးကို မထေမဲ့မြင်ပြုမှုအက်ဥပဒေပုဒ်မ ၃အရသော်လည်းကောင်း အရေးယူခြင်းခံရမည်ကို သိရှိထားရန် လိုပါသည်။

၂၉။ ရှေ့နေ ရှေ့ရပ်များသည် သောက်စားမူးယစ်လျက် တရားရုံးသို့ မတက်ရောက်သင့်ပါ။ (အတွဲ ၁၂ ရန်ကုန်စီရင်ထုံးများ၊ စာ ၁၈၀) (၁၉၄၈ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ ၃၀)

၃၀။ ရှေ့နေ ရှေ့ရပ်များသည် တရားရုံးချုပ်က ၂၅. ၄. ၄၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆ (အများဆိုင်ရာ) ဖြင့် သတ်မှတ်ထားသော အဝတ်အစားများကို ပြည့်စုံစွာ ဝတ်ဆင်ပြီးမှသာ တရားရုံးအတွင်းသို့ ဝင်သင့်ပါသည်။ [ တရားရုံးများလက်စွဲ အပိုဒ် (၁၀)]

၃၁။ အမှုအရှုံးပေး ဆုံးဖြတ်သည့်အတွက် တရားသူကြီးအား အမှုသည်တို့က ဝေဖန်ပြောဆိုခြင်းပြုက ရှေ့နေရှေ့ရပ်များသည် အားပေးခြင်းမပြုအပ်ပါ။ မိမိကိုယ်တိုင်လည်း တရားသူကြီးများအား ဝေဖန်ပြောဆိုခြင်း မပြုအပ်ပါ။

၃၂။ ရှေ့နေရှေ့ရပ်များသည် တရားသူကြီးနှင့် ခင်မင်ရင်းနှီးမှု၊ ဆွေမျိုးတော်စပ်မှုကို အကြောင်းပြုပြီး မလျော်သောအခွင့်အရေးများကို ရယူရန် ကြိုးစားခြင်းမပြုသင့်ပါ။

၃၃။ တရားသူကြီးနှင့် တရားရေးအကြံပေးတို့အား ပေးရန်ဟုဆိုကာ အမှုသည်ထံမှ ငွေတောင်းခံသော ရှေ့နေရှေ့ရပ်တစ်ဦး၏လုပ်ရပ်သည် ကျင့်ဝတ်သိက္ခာနှင့် လုံးဝညီညွတ်ခြင်းမရှိကြောင်း သတိပြုသင့်ပါသည်။

၃၄။ ရှေ့နေရှေ့ရပ်များသည် တရားသူကြီးနှင့် ခင်မင်ရင်းနှီးသော မိတ်ဆွေဖြစ်နေပါကလည်း ယင်းသို့ခင်မင်ရင်းနှီးကြောင်း တရားရုံးရှေ့တွင် အမူအယာ၊ အပြောအဆိုအားဖြင့် အထင်အရှား မပြုအပ်ပါ။

၃၅။ ရှေ့နေရှေ့ရပ်များသည် မိမိအမှုအနိုင်ရရှိရေးအတွက် တရားသူကြီးအားတိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ မြှောက်ပင့်ပြောဆိုခြင်းဖြင့် မကြိုးစားသင့်ပါ။

၃၆။ ရှေ့နေရှေ့ရပ်များသည် မိမိလိုက်ပါဆောင်ရွက်သော အမှုအကြောင်းအရာများကို တရားရုံးပြင်ပတွင် တရားသူကြီးနှင့် ဆွေးနွေးပြောဆိုခြင်းမပြုအပ်ပါ။

၃၇။ ရှေ့နေရှေ့ရပ်များသည် မိမိအမှုကို ဆုံးဖြတ်မည့် တရားရုံးအား "ဤရုံးတော်မှ စွဲချက်မတင်ဘဲ လွှတ်ကြည့်စမ်းပါ၊ ဘယ်လိုဖြစ်သွားမည်ဆိုတာ သိစေရမည်" ဟု ကြိမ်းမောင်းပြောဆိုခြင်းမပြုအပ်ပါ။ [၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး (တရားရုံးချုပ်) စာ ၄၈၇]

၃၈။ ရှေ့နေရှေ့ရပ်များသည် မိမိကိုယ်တိုင် သက်သေအဖြစ် ပါဝင်ရမည့်အမှုတွင် ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခြင်း မပြုသင့်ပါ။ (၁၉၃၉ ခုနှစ်၊ ရန်ကုန်စီရင်ထုံး၊ စာ ၂၂၄)

၃၉။ ရှေ့နေရှေ့ရင်များသည် မိမိကိုယ်တိုင် သက်သေအဖြစ် ပါဝင်လာမည်ကို မသိ၍ အမှုလိုက်ပါဆောင်ရွက်ခဲ့မိလျှင် သိသည့်အချိန်တွင် ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခြင်းမှ နုတ်ထွက်သင့်ပါသည်။ (၁၉၃၉ ခုနှစ်၊ ရန်ကုန်စီရင်ထုံး၊ စာ ၂၂၄) [၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ (ဗဟိုတရားရုံး) စာ-၁]

၄၀။ ရှေ့နေလုပ်ငန်းသည် သာမန်ပုဂ္ဂိုလ်များ ဆောင်ရွက်ရန်ခက်ခဲသည့် မွန်မြတ်သော အကျိုးဆောင်လုပ်ငန်းဖြစ်သည်။ ရှေ့နေရှေ့ရပ်များသည် မိမိအမှုသည်အတွက် လည်း **အားထားဖွယ်ဖြစ်စေ၊ တစ်ဖက်အမှုသည်၏ ယုံကြည်မှုလည်းခံရစေ၊** တရားရုံး အားလည်း အကူအညီဖြစ်စေ၊ ဤသို့ဖြစ်ထွန်းလာအောင် ထိန်းသိမ်းဆောင်ရွက်နိုင်ပါမှ "တရားရုံးဆိုတာ ပြည်သူအများ ဥပဒေအရ နစ်နာဆုံးရှုံးမှုမဖြစ်ရလေအောင် ကူညီစောင့်ရှောက်ရတဲ့၊ ပြည်သူအများ ယုံကြည်ကိုးစား အားထားရမယ့်၊ သစ္စာသမာဓိရှိသူများ စုဝေးကြတဲ့ နေရာတစ်နေရာဖြစ်ရမှာဖြစ်ကြောင်း၊ အဲဒီလိုဖြစ်ဖို့လဲ ကြိုးစားကြရမှာဖြစ်ကြောင်း" ဆိုသည့် ရည်မှန်းချက်ပေါက်ရောက်အောင် တစ်တပ်တစ်အား ဆောင်ရွက်ရာရောက်မည်ဖြစ်သည်။ (၁၉၉၆ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ-၃၁)

၄၁။ ရှေ့နေရှေ့ရပ်များသည် တရားရုံးအရာရှိများဖြစ်၍ အမှန်တရားကို ဖြစ်ထွန်းစေရန် တရားရုံးများကို ကူညီဆောင်ရွက်ကြသည့် မွန်မြတ်သော အသက်မွေးဝမ်းကျောင်းပြုသူ အသိပညာရှင်ကြီးများဖြစ်သင့်သည်။ (၁၉၉၆ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ-၃၁)

## (ဂ) အမှုလိုက်ပါဆောင်ရွက်ခြင်းနှင့် စပ်လျဥ်းသည့် ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာများ

၄၂။ ရှေ့နေရှေ့ရပ်များသည် တစ်ဖက်ရှေ့နေအမှုစစ်နေစဉ် တမင် နှောင့်ယှက်လိုသောသဘောဖြင့် ကန့်ကွက်ခြင်းမျိုးကို ရှောင်ရှားသင့်ပါသည်။

၄၃။ ရှေ့နေရှေ့ရပ်များသည် တရားရုံး၏ ခွင့်ပြုချက်မရှိဘဲ နေမကောင်းဖြစ်နေ

သော အမှုသည်ကိုယ်စား အခြားသူ တစ်စုံတစ်ဦးအား လက်မှတ်ရေးထိုးစေပြီး တရားရုံးသို့ တင်သွင်းစေခြင်းမပြုသင့်ပါ။ (အတွဲ ၁၄၊ ရန်ကုန်စီရင်ထုံးများ၊ စာ-၁၅၂)

၄၄။ ဥပဒေဝိဇ္ဇာဘွဲ့ မရရှိသေးပါဘဲလျက်၊ မိမိကိုယ်မိမိ "ဥပဒေဝိဇ္ဇာ" ဟု ဖော်ပြခြင်းသည် မိမိ၏ဂုဏ်သိက္ခာကို မထောက်ထားဘဲ မလျော်မကန် ဆောင်ရွက်ခြင်းဖြစ်သဖြင့် ရှေ့နေကျင့်ဝတ်သိက္ခာ ဖောက်ဖျက်ရာရောက်သည်ကို သတိပြုသင့်ပါသည်။

၄၅။ ရှေ့နေရှေ့ရပ်များသည် မိမိအမည်နှင့် နေရပ်လိပ်စာ ရိုက်နှိပ်ထားသည့် ကဒ်ပြားများကို ဝေငှ၍ မိမိ၏လုပ်ငန်းကိုကြော်ငြာခြင်း၊ လျှောက်လွှာပုံစံ၊ ဗလာစာရွက်များအပေါ်တွင် မိမိအမည်လိပ်စာကို ရိုက်နှိပ်၍ ကြိုတင်လက်မှတ်ရေးထိုးကာ အခြားသူများ လိုအပ်သလိုအသုံးပြုရန် ပေးအပ်ခြင်းများသည် ကျင့်ဝတ်သိက္ခာနှင့်ညီညွတ်ခြင်းမရှိသဖြင့် သတိပြုသင့်ပါသည်။ (၁၉၆၈ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ တရားရုံးချုပ်၊ စာ-၂၀၈)

၄၆။ ရှေ့နေရှေ့ရပ်များသည် အယူခံ တရားပြိုင် အမှန်တကယ်မသေဆုံးဘဲ သေဆုံးကြောင်း ထောက်ခံစာကို လိမ်လည်ရယူ တင်သွင်းစေခြင်းမပြုလုပ်အပ်ပါ။

၄၇။ ရှေ့နေရှေ့ရပ်များသည် စာရွက်စာတမ်းအတုပြုလုပ်ကာ မိမိအား အပ်နှံခြင်းမရှိသော အမှုသည်ကိုယ်စား အမှုလိုက်ပါဆောင်ရွက်ခြင်း သို့မဟုတ် ဆောင်ရွက်ရန်အားထုတ်ခြင်းမပြုလုပ်သင့်ပါ။

၄၈။ ရှေ့နေရှေ့ရပ်များသည် တစ်ဖက်ရှေ့နေအား အမှုလိုက်ပါဆောင်ရွက်ခြင်းမပြုနိုင်အောင် ရည်ရွယ်ပြီး ယင်းရှေ့နေအား မလိုအပ်ဘဲ သက်သေအဖြစ် ခေါ်ယူစစ်ဆေးခြင်း မပြုသင့်ပါ။

၄၉။ ရှေ့နေရှေ့ရပ်များသည် တရားရုံးအား ရုံးချိန်ပြင်ပတွင်သော်လည်းကောင်း၊ တစ်ဖက်ရှေ့နေ၏ မျက်ကွယ်တွင်သော်လည်းကောင်း၊ မမှန်မကန် တင်ပြပြောဆိုခြင်းမပြုသင့်ပါ။

၅၀။ ရှေ့နေရှေ့ရပ်များသည် အမှုမခေါ်မီ တစ်ဖက်ရှေ့နေ၏မျက်ကွယ်တွင် တရားသူကြီးအား အမှုအကြောင်း ဆွေးနွေးတင်ပြခြင်း မပြုသင့်ပါ။

၅၁။ ရှေ့နေရှေ့ရပ်များသည် မိမိသည် အမှုသည်တစ်ဦးအတွက် လိုက်ပါဆောင်ရွက်နေစဉ် တစ်ဖက်အမှုသည်က အခြားအမှုအတွက် ငှားရမ်းလာပါက ပထမအမှုနှင့် အကြောင်းခြင်းရာကွဲလွဲလျှင် ဒုတိယအမှုလိုက်ပါဆောင်ရွက်ခြင်းကို တားမြစ်ချက်မရှိသော်လည်း သံသယကင်းရှင်းစေရန် ပထမအမှုမပြီးဆုံးမီ ဒုတိယအမှု လိုက်ပါဆောင်ရွက်ခြင်းမှ ရှောင်ကြဉ်သင့်ပါသည်။

၅၂။ ရှေ့နေလိုက်သူများ အက်ဥပဒေတွင် ရှေ့နေတစ်ဦးအား သက်သေအဖြစ်ပြသရန်ရှိသည့်အမှု၌ ထိုသူအား ရှေ့နေအဖြစ် ဆောင်ရွက်ခြင်းမပြုရန်၊ တားမြစ်ထားသော ပြဋ္ဌာန်းချက်မရှိသော်လည်း တရားရုံးချုပ်နေရှေ့နေတစ်ဦး ထားရှိသင့်သော ကျင့်ဝတ်သိက္ခာနှင့်စပ်လျဉ်းသည့် မလိုလားအပ်သော ပြုမူဆောင်ရွက်ချက် တစ်စုံတစ်ရာတွေ့ရှိပါက တရားရုံးချုပ်ရှေ့နေများကောင်စီ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူဆောင်ရွက်နိုင်သည်ကို သတိပြုသင့်ပါသည်။ (၁၉၈၄ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ ဗဟိုတရားရုံး၊ စာ-၅၃)

၅၃။ ရှေ့နေရှေ့ရပ်တစ်ဦးသည် တရားလိုဘက်မှ မှုခင်းကိစ္စတိုင်ပင်ဆွေးနွေးပြီးနောက် တရားခံဘက်မှ မိမိကိုယ်တိုင်ဖြစ်စေ၊ မိမိနှင့်ဆက်သွယ်ပြီး အခြားရှေ့နေတစ်ဦးအား တစ်ဖက်လှည့်၍ဖြစ်စေ လိုက်ပါဆောင်ရွက်ရန်မသင့်ပါ။

၅၄။ ရှေ့နေရှေ့ရပ်များသည် အချင်းဖြစ်ပစ္စည်းတစ်ဝက်ကိုဖြစ်စေ၊ ရောင်းရတန်ဖိုးတစ်ဝက်ကိုဖြစ်စေ၊ မိမိအမှုသည်က မိမိအား ပေးစေရန် စာချုပ်ပြုလုပ်ခြင်းသည် ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာကို ထိခိုက်စေသော အလွန် မယုံသင်္ကာစရာအပြုအမူမျိုးဖြစ်၍ ရှောင်ကြဉ်သင့်ပါသည်။ [၁၉၆၀ ပြည့်နှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ (တရားလွှတ်တော်) စာ-၄၃၁]

၅၅။ အမှုသည်အား "အမှုကိုနိုင်ကိုနိုင်ရမည်၊ မနိုင်လျှင် ငွေပြန်ပေးမည်" ဟု

ရှေ့နေက ပြောခြင်းသည် Champertious ဖြစ်သည့်အပြင် မပြောသင့် မပြောဆို အပ်သောစကားများကို ပြောဆိုသည့်အတွက် ကျင့်ဝတ်သိက္ခာ ဖောက်ဖျက်ရာ ရောက်သည်။

၅၆။ ရှေ့နေရှေ့ရပ်များသည် မိမိအမှုသည်နှင့် သဘောတူ ကျေနပ်လက်ခံပြီး သတ်မှတ်ထားသည့် အခကြေးငွေကိုသာ ရယူခံစားရမည်၊ အမှုအနိုင်ရရှိပါက အမှု လိုက်ခငွေ မည်မျှပေးရမည်ဟူသော သဘောတူညီချက်မျိုး မပြုလုပ်သင့်ပါ။ ဤသို့ ပြုလုပ်ခြင်းသည် ကျင့်ဝတ်သိက္ခာနှင့်မညီသည့်အပြင် ၎င်း၏ဂုဏ်သိက္ခာကို ငွေနှင့် လဲလှယ်ရာလည်းရောက်ပါသည်။ ထို့ပြင် မတရားသောနည်းများဖြင့်လည်း အမှုနိုင် အောင် ဆောင်ရွက်မည်ဖြစ်၍ ဤသို့မပြုမူသင့်ပါ။ (၁၉၅၆ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ လွှတ်တော်၊ စာ-၄၀)

၅၇။ ရှေ့နေတစ်ဦးသည် မိမိအား လာရောက်ငှားရမ်းသော အမှုအတွက် အမှု စွဲဆိုရန် ကုန်ကျမည့်စရိတ်ထုတ်ပေးခြင်း၊ ထို့အပြင် အမှုနိုင်သောအခါ အမှုသည် ခံစားရမည့် ရပိုင်ခွင့်ထဲမှ အချိုးကျအလိုက်ရယူမည်ဟူသော ကတိမျိုးဖြင့် အမှုကို လိုက်ပါဆောင်ရွက်ခွင့်မရှိပါ။ အကယ်၍ပြုလုပ်ပါက (Law of Maintenance and Champerty) အရ ကျင့်ဝတ်သိက္ခာ ဖောက်ဖျက်မှုဖြင့် အရေးယူခြင်းခံရမည်။

**၅၈။ ရှေ့နေရှေ့ရပ်များသည် မိမိရရှိသော အခကြေးငွေမှ ရာနိုင်နှုန်းမည်၍မည်မျှ ကို ပေးပါမည်ဟူသော သဘောတူညီချက်ဖြင့် အမှုပွဲစားထားရှိကာ အမှုရရှိရေးကို မဆောင်ရွက်သင့်ပါ။**

၅၉။ ရှေ့နေရှေ့ရပ်များသည် အမှုသည်၏ ညွှန်ကြားချက်မရှိသည့်အပြင် အစစ် အမှန်လည်း မဟုတ်သည့် စာချုပ်စာတမ်းကို တင်သွင်းရန် အားထုတ်ခြင်းမပြုလုပ် သင့်ပါ။ (၁၉၃၉ ခုနှစ်၊ ရန်ကုန်စီရင်ထုံး စာ-၃၁၂)

**၆၀။ ရှေ့နေရှေ့ရပ်များသည် မမေးသင့် မမေးထိုက်သော မေးခွင့်မရှိသော မေးခွန်း များကို မမေးရပါ။ (သက်သေခံ အက်ဥပဒေပုဒ်မ ၁၄၉၊ ၁၅၀၊ ၁၅၁၊ ၁၅၂)**

၆၁။ ရှေ့နေရှေ့ရပ်များသည် အမှုနှင့်မသက်ဆိုင်သည့်အပြင် သက်သေခံ အက်ဥပဒေပုဒ်မ ၁၅၁ နှင့် ၁၅၂ တို့ကလည်း ပိတ်ပင်ထားပြီး အမျိုးသမီးတစ်ဦးအား လူပုံအလယ်တွင် အရှက်တကွဲ အကျိုးနည်းဖြစ်စေမည့် မေးခွန်းမျိုးကို မေးမြန်းခြင်း မပြုအပ်ပါ။ (၁၉၈၅ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး (ဗဟိုတရားရုံး) စာ-၈)

၆၂။ ရှေ့နေရှေ့ရပ်များသည် တရားပြိုင်ရှုံသွပ်နေကြောင်း၊ အထောက်အထား မခိုင် လုံဘဲ သိလျက်နှင့် မမှန်မကန် စွပ်စွဲခြင်း၊ အထောက်အထားမရှိဘဲ တရားဝင် အုပ် ထိန်းသူဖြစ်ကြောင်း ဖော်ပြခြင်းတို့သည် တရားရုံးအား မထေမဲ့မြင်ပြုရာရောက်ပါ. သည်။

၆၃။ ရှေ့နေရှေ့ရပ်များသည် တရားရုံး၏ အမိန့်ဒီကရီနှင့် ဆန့်ကျင်ကွဲလွဲစွာ သတင်း စာ၌ ဖော်ပြကြော်ငြာခြင်းသည် တရားရုံးအား မထေမဲ့မြင်ပြုရာရောက်ပါသည်။

၆၄။ ရှေ့နေရှေ့ရပ်များသည် တရားရုံးသို့ သိလျက်နှင့် မမှန်မကန် တင်ပြ လျှောက် ထားခြင်း မပြုသင့်ပါ။ (၁၉၅၃ ခုနှစ်၊ မြန်မာနိုင်ငံ စီရင်ထုံး၊ (တရားလွှတ်တော်) စာ- ၁၂၉)

၆၅။ တရားခံတစ်ဦး အပြစ်ဒဏ်မရရှိရေးအတွက် ယင်းတရားခံ သေဆုံးသွားပြီး ဖြစ်ကြောင်း ထောက်ခံချက်ကို လိမ်လည်ဖန်တီး၍ တရားရုံးသို့ တင်ပြခြင်းသည် ရှေ့နေ ကျင့်ဝတ်သိက္ခာ ဖောက်ဖျက်ရာရောက်သည်ကို သတိပြုသင့်ပါသည်။

၆၆။ ရှေ့နေရှေ့ရပ်များသည် သက်သေအား တံစိုးလက်ဆောင်ပေးပြီး မုသား သက်သေခံစေရန် မပြုလုပ်သင့်ပါ။ (အတွဲ ၁၃၊ ရန်ကုန်စီရင်ထုံးများ၊ စာ-၅၀၆)

၆၇။ ရှေ့နေရှေ့ရပ်များသည် သက်သေအစစ်နေရာတွင် သက်သေအတုအယောင် ကို ထည့်သွင်းစစ်ဆေးခြင်းသည် ရှေ့နေကြီးတို့၏ ကျင့်ဝတ်သိက္ခာကို ဖောက်ဖျက်ရာ ရောက်ပါသည်။ | ၁၉၇၀ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး (တရားရုံးချုပ်) စာ-၁၈ |

၆၈။ ရှေ့နေရှေ့ရပ်များသည် ပြစ်မှုဆိုင်ရာ မှုခင်းများတွင် တိုင်တန်းသူ တရားလို သေဆုံးသွားပါက ပဋိညာဉ် အက်ဥပဒေပုဒ်မ ၂၀၁ အရ ပဋိညာဉ် အဆုံးသတ်သွား

သဖြင့် အမှုလိုက်ပါ ဆောင်ရွက်ခွင့်မရှိတော့သည်ကို သတိပြုသင့်ပါသည်။ [ ၁၉၈၁ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး (ဗဟိုတရားရုံး) စာ-၁၃၂ ]

၆၉။ အမှုသည် တာဝန်ခံလက်မှတ်ရေးထိုးထားသော အဆိုလွှာကို ထိုအမှုသည် သေဆုံးလျှင် ရှေ့နေက တရားရုံးသို့ ကိုယ်စားတင်သွင်းခြင်းမပြုအပ်ပါ။ [ ၁၉၆၁ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး (လွှတ်တော်) စာ-၂၂၄ ]

၇၀။ ရှေ့နေခရယူခဲ့ပြီးနောက် မိမိ၏ပေါ့လျော့ ပျက်ကွက်မှုကြောင့် အဆိုလွှာ ပလပ်ခံရလျှင် အမှုသည်ဖြစ်သူအဖို့ များစွာထိခိုက်နစ်နာစေသဖြင့် ရှေ့နေကျင့်ဝတ် သိက္ခာ ဖောက်ဖျက်ရာရောက်သည်ကို သတိပြုသင့်ပါသည်။

၇၁။ အမွေပုံပစ္စည်း၏ စီမံခန့်ခွဲပေးစေလိုမှုတွင် တရားရှုံးများဖက်မှ လိုက်ပါခဲ့သော ရှေ့နေသည် ထိုအမှုမှ ပေါ်ပေါက်သော ပစ္စည်းများနှင့်စပ်လျဉ်း၍ တရားရှုံးများ အချင်းချင်း ပြန်လည်ဖြစ်ပွားသောအမှုများတွင် မည်သည့်အမှုသည်ဖက်ကမဆို လိုက်ပါ ဆောင်ရွက်ရန် မသင့်ပါ။

၇၂။ ရှေ့နေသည် အမှုသည်ကိုယ်စား ဆောင်ရွက်သူဖြစ်သည်။ ရှေ့နေ၏ ဆောင်ရွက်မှုသည် အမှုသည်၏ဆောင်ရွက်မှုပင်ဖြစ်သည်။ ရှေ့နေရရှိသော အခွင့်အရေးသည် အမှုသည်ရရှိသောအခွင့်အရေးပင်ဖြစ်သည်။ ပထမရှေ့နေက ပြန်လှန် မေးမြန်းခွင့်ရရှိခဲ့ခြင်းသည် တရားခံက ရရှိခဲ့ခြင်းဖြစ်သည်ဟု မှတ်ယူရပေမည်။ ရှေ့နေ အပြောင်းအလဲပြုတိုင်း နောက်ရှေ့နေက ပထမရှေ့နေရပြီး အခွင့်အရေးကို ထပ်မံ တောင်းဆိုရန်မသင့်ပါ။ (၁၉၉၈ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ-၁၀၅)

၇၃။ ရှေ့နေသည် တရားနိုင်ဘက်မှ မိမိလိုက်ပါဆောင်ရွက်သောအမှုတွင် လေလံတင် ရောင်းချသော တရားရှုံး လက်ရှိပစ္စည်းကို မိမိနှင့် အကျိုးသက်ဆိုင်သောသူအား မိမိ၏မျက်မှောက်တွင် လေလံဆွဲ ဝယ်စေ၍၊ လက်ရောက်ရယူ အကျိုးခံစားစေခြင်း သည် ရှေ့နေကျင့်ဝတ်သိက္ခာ ဖောက်ဖျက်ရာရောက်သည်။ (၁၉၉၆ ခုနှစ်၊ မြန်မာနိုင်ငံ စီရင်ထုံး၊ စာ-၃၁)

၇၄။ တရားခံဘက်ရှေ့နေအဖြစ် တရားခံများအတွက် တောက်လျှောက် ဆောင်ရွက်ပြီးကာမှ ရှေ့နေကိုယ်စားလှယ်စာကို ရုပ်သိမ်းကာ တရားခံပြသက်သေအဖြစ် ထပ်မံအားဖြည့် ထွက်ဆိုပေးခွင့်ပြုမည်ဆိုလျှင် တရားမျှတမှုချိန်ခွင်လျှာ တိမ်းစောင်းစေရန်အလို့ငှာ တရားခံများဘက်သို့ အလေးတင်းပေးရာရောက်နိုင်သဖြင့် ယင်းသို့ မဆောင်ရွက်သင့်ပါ။ (၁၉၉၅ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ-၁၄)

## (ဃ) အမှုသည်များနှင့်ပတ်သက်သည့် ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာများ

၇၅။ ရှေ့နေရှေ့ရပ်များသည် အမှုလက်ခံသောအခါ မိမိရယူမည့် ရှေ့နေခနှင့် အမှုလိုက်ပါဆောင်ရွက်မည့် စည်းကမ်းချက်များကို အမှုသည်အား ကြိုတင်ရှင်းပြပြီး အမှုသည်က ကျေနပ်လက်ခံမှ အမှုကို လက်ခံဆောင်ရွက်ရန်ဖြစ်ပါသည်။ (ရှေ့နေလိုက်သူများ အက်ဥပဒေပုဒ်မ ၄၂)

၇၆။ ရှေ့နေရှေ့ရပ်များသည် အမှုအမျိုးအစား၊ အမှုတွင် မိမိစိုက်ထုတ်ရမည့် လုပ်အား၊ ဉာဏ်အားနှင့် အမှုသည်၏ အခြေအနေတို့ကို ထောက်ရှုပြီး သင့်တော်သည့် အခကြေးငွေကို သတ်မှတ်ရန်ဖြစ်ပါသည်။

၇၇။ ရှေ့နေရှေ့ရပ်များသည် အဆမတန် ရှေ့နေခတောင်းခံခြင်းကို ရှောင်ကြဉ်သင့်ပါသည်။

၇၈။ ရှေ့နေရှေ့ရပ်များသည် အမှုသည်ထံမှ ရှေ့နေခတောင်းခံရာတွင် မိမိ၏ ရှေ့နေခအပြင် မည်သူမည်ဝါအား လာဘ်ပေးရန်အတွက် ပြောဆိုတောင်းခံခြင်း မပြုအပ်ပါ။ ပြစ်မှုဖြစ်နိုင်ပါသည်။ (အတွဲ ၁၃၊ ရန်ကုန်စီရင်ထုံးများ၊ စာ-၅၁၈)

၇၉။ ရှေ့နေရှေ့ရပ်များသည် မိမိက အကြောင်းအမျိုးမျိုးကြောင့် အမှုမပြီးဆုံးမီ အမှုလိုက်ပါဆောင်ရွက်ခြင်းမှ ရပ်စဲခြင်းပြုခဲ့လျှင် မိမိဆောင်ရွက်ပေးခဲ့ပြီးသော လုပ်ငန်းပမာဏနှင့် အချိုးကျ ညီမျှသော အခကြေးငွေကိုသာ ရယူပြီး အမှုလိုက်ပါ ဆောင်ရွက်ခြင်းမှ နုတ်ထွက်သင့်ပါသည်။

၈၀။ ရှေ့နေခစရန်ငွေရယူပြီးနောက် အမှုနှင့်ပတ်သက်၍ မဆောင်ရွက်တော့သဖြင့် အမှုသည်ဖြစ်သူက ၎င်း၏ကိုယ်စားလှယ်စာကို ပြန်လည်ရုပ်သိမ်းပေးရန် တောင်းဆိုရာတွင် ကျန်ရှေ့နေခငွေကို အကျေပေးပါမှ ကိုယ်စားလှယ်စာ ရုပ်သိမ်းပေးမည်ဟု အတင်းအဓမ္မတောင်းခံခြင်းသည် ရှေ့နေကျင့်ဝတ်သိက္ခာ ဖောက်ဖျက်ရာရောက်သဖြင့် သတိပြုသင့်ပါသည်။

၈၁။ ရှေ့နေရှေ့ရပ်များသည် မိမိအား ငှားရမ်းထားသော အမှုသည်က အကြောင်းအမျိုးမျိုးကြောင့် မိမိအားငှားရမ်းခြင်းကို ရပ်စဲသောအခါ မိမိဆောင်ရွက်ပေးခဲ့သော လုပ်အားများအတွက် ထိုက်သင့်သောအခကြေးငွေကိုရယူပြီး အလွယ်တကူ လိုက်လျောနုတ်ထွက်ပေးသင့်ပါသည်။

၈၂။ ထိုက်သင့်သောရှေ့နေခကို အကြေရယူခဲ့ပြီးသော်လည်း ရုံးချိန်း ၃၅ ချိန်းရှိသည့်အနက် (၃၁) ချိန်း ပျက်ကွက်ခဲ့ခြင်းမှာ ရှေ့နေတစ်ဦးအနေဖြင့် ကျင့်ဝတ် သိက္ခာ ဖောက်ဖျက်ရာရောက်သဖြင့် သတိပြုသင့်ပါသည်။

၈၃။ ရှေ့နေရှေ့ရပ်များသည် ရုံးခွန်တော်တံဆိပ်ခေါင်းဖိုးများ၊ ဆင့်စာခေါင်းဖိုးများနှင့် သက်သေစရိတ်များ စသော တရားဝင်ကုန်ကျစရိတ်များကို အမှန်တကယ် ကုန်ကျသည့်အတိုင်းသာ မိမိအမှုသည်ထံမှ တောင်းခံရယူသင့်ပါသည်။ စာရင်းအင်းနှင့်တကွ အမှုသည်ကို ရှင်းပြသင့်ပါသည်။

၈၄။ ရှေ့နေရှေ့ရပ်များသည် အမှုဖြစ်ရပ် အကြောင်းအရာများအရလည်းကောင်း၊ ဥပဒေအရလည်းကောင်း၊ အောင်မြင်ရန် အလားအလာမရှိသောအမှုတွင် မိမိအခကြေးငွေ ရရှိရေးအတွက် အမှုသည်အား လွဲမှားသော မျှော်လင့်ချက်များပေးကာ ဆောင်ရွက်ခြင်းမပြုသင့်ပါ။

၈၅။ ရှေ့နေရှေ့ရပ်များသည် မိမိအမှုသည်ဘက်က မှားယွင်းနေပါလျက် မုချနိုင်ရမည်ဟူသော ကတိပေးခြင်းမျိုးကို မပြုလုပ်အပ်ပါ။

၈၆။ ရှေ့နေရှေ့ရပ်များသည် မလိုအပ်ဘဲ အမှုပွားအောင် မပြုလုပ်အပ်ပါ။ အမှုသည်အားလည်း တိုက်တွန်းလှုံ့ဆော်ခြင်း မပြုအပ်ပါ။ (၁၉၇၀ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး စာ-၁၈)

၈၇။ ရှေ့နေရှေ့ရပ်များသည် တစ်ဖက်အမှုသည်ထံမှ ငွေကြေး တံစိုးလက်ဆောင် လက်ခံယူပြီး မိမိအမှုသည်၏အကျိုးစီးပွားကို ထိခိုက်နစ်နာအောင် မပြုလုပ်ရပါ။

၈၈။ ရှေ့နေရှေ့ရပ်များသည် မိမိအမှုသည်ထံမှသိရှိရသော အကြောင်းအရာ အချက်အလက်များကို တစ်ဖက်အမှုသည်များထံသို့ မပေါက်ကြားစေရန် အထူးဂရုပြု နုတ်လုံစောင့်စည်းအပ်ပါသည်။

၈၉။ ရှေ့နေရှေ့ရပ်များသည် အမှုသည်က မိမိအား ရှေ့နေကိုယ်စားလှယ်စာဖြင့် လွှဲအပ်ခြင်းမပြုရသေးစေကာမူ ထိုအမှုသည်ထံမှ ညွှန်ကြားချက်ကို ခံယူပြီးဖြစ်လျှင် သို့မဟုတ် အမှုဖြစ်ရပ် အကျိုးအကြောင်းတို့ကို ကြားနာမေးမြန်း ဆွေးနွေးသိရှိပြီးဖြစ်လျှင် ယင်းအမှုအတွက် အခြားတစ်ဖက် အမှုသည်ဘက်မှ မိမိကိုယ်တိုင်သော်လည်းကောင်း၊ အခြားရှေ့နေတစ်ဦးအား တစ်ဖက်လှည့်နှင့်သော်လည်းကောင်း လိုက်ပါဆောင်ရွက်ခြင်းမပြုသင့်ပါ။ (အတွဲ ၈၊ ရန်ကုန်စီရင်ထုံးများ၊ စာ-၄၄-၄၆) (၁၉၃၅ ခုနှစ်၊ ရန်ကုန်စီရင်ထုံး စာ-၅၁၄)

၉၀။ တစ်ဖက်အမှုသည်ထံမှ အမှုအတွက်လိုက်ပါပေးရန် ညှိနှိုင်းတိုင်ပင်ခြင်းဖြင့် ဖြစ်စေ သို့မဟုတ် အဆိုပါအမှုသည်နှင့် ရင်းနှီး၍ ပြောဆိုတိုင်ပင်မှုကြောင့်ဖြစ်စေ အမှုအကြောင်းအရာများကိုသိရှိပြီးနောက်၊ ယင်းသို့သိရှိပြီးသောရှေ့နေတစ်ဦးက အခြား ဆန့်ကျင်ဘက်အမှုသည်အတွက် လိုက်ပါဆောင်ရွက်ရန်မသင့်ပါ။ (၁၉၉၈ ခုနှစ်၊ မြန်မာ နိုင်ငံစီရင်ထုံး၊ စာ-၁၃၂)

## (င) သက်သေများနှင့်ပတ်သက်သည့် ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာများ

၉၁။ ရှေ့နေရှေ့ရပ်များသည် သက်သေများကို ပြန်လှန်စစ်မေးရာ၌ အခြေအမြစ် မရှိသော ကျိုးကြောင်းမလျော်သော မေးခွန်းများကို မေးမြန်းခြင်းမပြုသင့်ပါ။ (သက်သေခံ အက်ဥပဒေ၊ ပုဒ်မ-၁၄၉)

၉၂။ ရှေ့နေရှေ့ရပ်များသည် ကျိုးကြောင်းလျော်ကန်သင့်မြတ်ခြင်းမရှိသော မေးခွန်းများကို မေးမြန်းပါက တရားရုံးသည် ထိုရှေ့နေအား ကြီးကြပ်သောအာဏာပိုင်သို့ဖြစ်စေ၊ တရားရုံးချုပ်သို့ဖြစ်စေ တိုင်ကြားနိုင်ပါသည်။ (သက်သေခံအက်ဥပဒေ၊ ပုဒ်မ ၁၅၀)

၉၃။ ရှေ့နေရှေ့ရပ်များသည် သက်သေ၏ဂုဏ်သရေကို ထိခိုက်စေမည့် မေးခွန်းများကို မလိုအပ်ဘဲ မမေးရပါ။ (သက်သေခံအက်ဥပဒေပုဒ်မ-၁၅၁၊ ၁၅၂)

၉၄။ ရှေ့နေရှေ့ရပ်များသည် သက်သေအား ခြိမ်းခြောက်အော်ငေါက်၍ စစ်ဆေးမေးမြန်းခြင်းမပြုရပါ။ သက်သေအား ကြိမ်းမောင်းခြင်း၊ ကြမ်းတမ်းစွာ ပြောဆိုခြင်းများကို ရှောင်ရှားရပါသည်။ (သက်သေခံအက်ဥပဒေပုဒ်မ - ၁၅၂)

## (စ) ရှေ့နေရှေ့ရပ်အချင်းချင်းနှင့်ပတ်သက်သည့် ကျင့်ဝတ်သိက္ခာများ

၉၅။ ရှေ့နေရှေ့ရပ်များသည် တစ်ဦးအပေါ်တစ်ဦး ဂုဏ်တုဂုဏ်ပြိုင်သဘောဖြင့် ရန်သူသဖွယ် ဆက်ဆံခြင်းမျိုး ရှောင်ရှားသင့်ပါသည်။

၉၆။ ရှေ့နေရှေ့ရပ်များသည် တစ်ဦးအပေါ်တစ်ဦး မကောင်းသတင်းပြောဆိုခြင်းများ၊ မဟုတ်မတရား စွပ်စွဲခြင်းများ၊ မမှန်မကန် တိုင်တန်းခြင်းများ လုံးဝ မပြုလုပ်သင့်ပါ။

၉၇။ ရှေ့နေရှေ့ရပ်များသည် မိမိအမှုသည် အားရကျေနပ်စေရန် တစ်ဖက်အမှုသည်ကိုဖြစ်စေ၊ တစ်ဖက်ရှေ့နေကိုဖြစ်စေ ရန်မူပြောဆိုခြင်း မပြုအပ်ပါ။

၉၈။ ရှေ့နေရှေ့ရပ်များသည် တစ်ဖက်ရှေ့နေ လှောင်လဲပြောဆိုခြင်းကို ပျက်ရယ်မပြုသင့်ပါ။

၉၉။ ရှေ့နေရှေ့ရပ်များသည် တရားခွင်တွင် အမှုစစ်နေစဉ်ဖြစ်စေ၊ လျှောက်လဲချက်ပေးနေစဉ်ဖြစ်စေ၊ အချင်းချင်း ငြင်းခုံခြင်းမပြုသင့်ပါ။ မိမိတင်ပြလိုသည်များကို တရားရုံးသို့သာ တင်ပြရသည်ကို သတိပြုသင့်ပါသည်။

၁၀၀။ ရှေ့နေရှေ့ရပ်များသည် တရားခွင်တွင် ခိုက်ရန်ဒေါသဖြစ်ခြင်းကို ရှောင်ကြဉ်သင့်ပါသည်။

# အခန်း (၂)

## ရှေ့နေရှေ့ရပ်များ၏ တာဝန်များ

၁၀၁။ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လျှင် လုပ်ငန်းအောင်မြင်နိုင်ပါသည်။ တာဝန်ကျေပွန်ခြင်းသည် အောင်မြင်ရေး၏ သော့ချက်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

၁၀၂။ ရှေ့နေရှေ့ရပ်များတွင် မည်သည့်တာဝန်များရှိပါသနည်း။ တာဝန်ဝတ္တရားဆိုသည်မှာ အချင်းချင်း ဆက်ဆံရာမှ ပေါ်ပေါက်လာခြင်းဖြစ်၍ ရှေ့နေရှေ့ရပ်များအဖို့ တာဝန်ဆိုသည်မှာ မိမိတို့နှင့်ဆက်ဆံရသော လုပ်ငန်း၊ လုပ်ငန်းခွင်၊ လူပုဂ္ဂိုလ်ဟု ဆိုအပ်သည့် ရှေ့နေလုပ်ငန်း၊ တရားရုံး၊ တရားသူကြီး၊ အမှုသည်၊ သက်သေ၊ ရှေ့နေ၊ အလုပ်သင်ရှေ့နေတို့အပေါ် မိမိကထမ်းဆောင်ရမည့် ဝတ္တရားများပင်ဖြစ်ပါသည်။ ဤအခန်းတွင် ရှေ့နေရှေ့ရပ်များ၏တာဝန်များကို ဖော်ပြထားပါသည်။

### (က) ရှေ့နေရှေ့ရပ် လုပ်ငန်းနှင့်စပ်လျဉ်းသည့် တာဝန်များ

၁၀၃။ ရှေ့နေရှေ့ရပ်လုပ်ငန်း၏ အစဉ်အလာကောင်းများကို ထိန်းသိမ်း စောင့်ရှောက်ရန် ရှေ့နေရှေ့ရပ်တိုင်းတွင် တာဝန်ရှိပါသည်။

၁၀၄။ ရှေ့နေရှေ့ရပ်များသည် မိမိတို့ လိုက်နာစောင့်ထိန်းအပ်သော ကျင့်ဝတ် သိက္ခာတို့ကို အမြဲတစေ ပြည့်စုံစွာ လိုက်နာစောင့်ထိန်းရန် တာဝန်ရှိပါသည်။

၁၀၅။ ရှေ့နေရှေ့ရပ်လုပ်ငန်းသည် အကျိုးဆောင်လုပ်ငန်းဖြစ်သည့်အားလျော်စွာ ရှေ့နေရှေ့ရပ်များအနေဖြင့် **အခကြေးငွေကို အဓိကမထားဘဲ တာဝန်ထမ်းဆောင်မှုကို အဓိကထားသင့်ပါသည်။**

၁၀၆။ ရှေ့နေရှေ့ရပ်များသည် မိမိတစ်ဦးချင်း၏ အကျိုးစီးပွားနှင့် ရှေ့နေရှေ့ရပ်လုပ်ငန်းတစ်ရပ်လုံး၏ အကျိုးစီးပွားတို့ ယှဉ်လာသောအခါ ရှေ့နေရှေ့ရပ်လုပ်ငန်းတစ်ရပ်လုံး၏ အကျိုးစီးပွားကို ဦးစားပေးရပါမည်။

၁၀၇။ ရှေ့နေရှေ့ရပ်များသည် တရားစီရင်ရေးတွင် မှန်ကန်ခြင်းနှင့် မျှတခြင်းများ ဖြစ်ထွန်းစေရအောင် တရားရုံးများတွင် တာဝန်ထမ်းဆောင်ကြရသောကြောင့် တရားရုံး အရာရှိများ ဖြစ်ကြပါသည်။

၁၀၈။ ရှေ့နေရှေ့ရပ်လုပ်ငန်းသည် အမှုသည်တို့၏ ယုံကြည်အပ်နှံမှုကို ခံယူ ဆောင် ရွက်ရသည့် လုပ်ငန်းဖြစ်သည့်အလျောက် ရှေ့နေရှေ့ရပ်များသည် ယုံကြည်အပ်နှံခြင်း ခံထိုက်သူများဖြစ်အောင် သိက္ခာသမာဓိရှိဖို့ အရေးကြီးပါသည်။

၁၀၉။ ကျင့်ဝတ်သိက္ခာနှင့်အညီ တွေးကြံပြောဆိုပြုမူ လုပ်ကိုင်ဆောင်ရွက် နေထိုင် သော ရှေ့နေရှေ့ရပ်များသည် မိမိတို့၏ဂုဏ်သိက္ခာကိုသာမက ရှေ့နေရှေ့ရပ်လုပ်ငန်း ၏ ဂုဏ်သိက္ခာကိုပါ မြှင့်တင်ရာရောက်သည်ကို သတိပြုအပ်ပါသည်။

၁၁၀။ ရှေ့နေရှေ့ရပ်များအနေဖြင့် မိမိတို့၏ ကြိုးပမ်းချက်သည် အမှုအနိုင်ရရှိရေး တစ်ခုတည်းအတွက်သာမဟုတ်ဘဲ အမှန်တရားကိုရှာဖွေ၍ ဥပဒေနှင့်အညီ မျှတစွာ စီရင်ဆုံးဖြတ်ရသော တရားရုံးအား အထောက်အကူဖြစ်စေရမည်ဟု ခံယူချက် ထားရှိ သင့်ပါသည်။

၁၁၁။ ရှေ့နေရှေ့ရပ်များသည် အမှုနှင့်ဆက်စပ်သည့် များပြားသော အချက်အလက် များနှင့် ဥပဒေပြဋ္ဌာန်းချက်များ၊ လုပ်ထုံးလုပ်နည်းများကို လေ့လာစုဆောင်းကြရ၍ လုံ့လဝီရိယဖြင့် ကြိုးစားအားထုတ်ရသူများဖြစ်ပါသည်။

၁၁၂။ အမှုသည်က သတင်းစာတွင် ကြေငြာပေးရန် ရှေ့နေအား ညွှန်ကြားသည့်အခါ ရှေ့နေများက အမှုသည်၏ပိုင်ဆိုင်မှု အထောက်အထားများနှင့် ဆက်သွယ်သည့် အကြောင်းအရာ အဖြစ်အပျက်တို့ကို စိစစ်စုံစမ်းရန် တာဝန်ရှိပါသည်။

၁၁၃။ ရှေ့နေရှေ့ရပ်များသည် တရားရုံးချုပ်နှင့် တရားရုံးချုပ်ရှေ့နေများကောင်စီမှ အခါအားလျော်စွာ ထုတ်ဝေသော ညွှန်ကြားချက်များကို ဂရုပြု လေ့လာအပ်ပါသည်။

၁၁၄။ ရှေ့နေရှေ့ရပ်များသည် ဥပဒေများ၊ စီရင်ထုံးများ၊ အစဉ်အမြဲ ပြောင်းလဲ တိုးတက်နေသော ဥပဒေပညာဆိုင်ရာ အတွေးအမြင်များကို မျက်ခြည်မပြတ် လေ့လာ ဆည်းပူးနေအပ်ပါသည်။

၁၁၅။ တရားရုံးချုပ်ရှေ့နေများသည် တရားရုံးရှေ့နေများကောင်စီသို့ နှစ်စဉ်ကြေးများကို မှန်မှန်ပေးဆောင်ရန် တာဝန်ရှိပါသည်။

၁၁၆။ ရှေ့နေရှေ့ရပ်များသည် မိမိ၏ရှေ့နေရှေ့ရပ် လုပ်ငန်းနှင့်စပ်လျဉ်း၍ ရရှိသောနှစ်စဉ်ဝင်ငွေအပေါ် ဝင်ငွေခွန်ဥပဒေအရ ပေးဆောင်ရမည့်အခွန်အခများကို ပေးဆောင်ရန် တာဝန်ရှိပါသည်။

၁၁၇။ နိုင်ငံတော်ပြပွဲလစ် တရားရုံးချုပ်ရှေ့နေကြီးများသည် မိမိတို့၏ မြင့်မြတ်သောဂုဏ်သိက္ခာနှင့်အညီ မှန်ကန်ရိုးသားစွာ ပြုမူဆောင်ရွက်ကြရန် အထူး တာဝန်ရှိပါသည်။

## (ခ) တရားရုံးများနှင့်စပ်လျဉ်းသည့် ရှေ့နေရှေ့ရပ်များ၏တာဝန်များ

၁၁၈။ ရှေ့နေရှေ့ရပ်တစ်ဦးသည် ၎င်းအားယုံကြည်၍ အပ်နှံခဲ့သောအမှုကို ယုံကြည်ခြင်းခံရသည့်အတိုင်း လိုက်ပါဆောင်ရွက်ရန် အမှုသည်အပေါ်တာဝန်ရှိသကဲ့သို့ တရားရုံးကလည်း အမှန်တရား ထွန်းကားရေးအတွက် ကူညီဆောင်ရွက်ရန် တာဝန်ရှိပါသည်။ (ရန်ကုန်စီရင်ထုံး၊ အတွဲ ၂၊ စာ-၂၆၅)

၁၁၉။ ရှေ့နေရှေ့ရပ်များသည် တရားရုံးအရာရှိများဖြစ်သည်နှင့်အညီ တရားစီရင်ရေးလုပ်ငန်းတွင် သစ္စာရှိရှိ၊ သမာဓိတည်တည် ရိုးသားဖြောင့်မတ်စွာ ဆောင်ရွက်ရန် တာဝန်ရှိပါသည်။

၁၂၀။ ရှေ့နေရှေ့ရပ်များသည် တရားရုံးကို ရိုသေ၍ တရားရုံး၏ အဓိက ရည်မှန်းချက်ဖြစ်သော မှန်မှန်နှင့်မြန်မြန် တရားစီရင်ရေး အောင်မြင်အောင် ဝိုင်းဝန်းကူညီဆောင်ရွက်ရန် တာဝန်ရှိပါသည်။

၁၂၁။ ရှေ့နေရှေ့ရပ်များသည် နိုင်ငံတော်ကို ကိုယ်စားပြုကာ တရားစီရင်ကြရသော တရားသူကြီးများအား လေးလေးစားစား ဆက်ဆံရန် တာဝန်ရှိပါသည်။ တရားသူကြီးများအား မလေးမခန့် မချေမငံ ဆက်ဆံပြုမူခြင်း အလျဉ်းမပြုသင့်ပါ။ တရားသူကြီးများနှင့် ရှေ့နေရှေ့ရပ်တို့အကြား အပြန်အလှန် လေးစားမှုရှိသင့်ပါသည်။

၁၂၂။ ရှေ့နေရှေ့ရပ်များသည် အကြောင်းခြင်းရာနှင့်စပ်လျဉ်း၍ဖြစ်စေ၊ ဥပဒေ ပြဋ္ဌာန်းချက်နှင့်စပ်လျဉ်း၍ဖြစ်စေ၊ တရားရုံးအား မှန်ကန်စွာတင်ပြရန် တာဝန်ရှိပါသည်။ ထိမ်ချန်ကွယ်ဝှက်ခြင်း၊ လွဲမှားတင်ပြခြင်းများ မပြုသင့်ပါ။

၁၂၃။ ရှေ့နေရှေ့ရပ်များသည် တရားရုံး၏ မေးမြန်းချက်များကို တိကျမှန်ကန်စွာ ဖြေကြားရန် တာဝန်ရှိပါသည်။ မမှန်သည်ကို မမှန်မှန်းသိလျက်နှင့် အမှန်အဖြစ် တင်ပြခြင်း မပြုသင့်ပါ။ [၁၉၅၃ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ (တရားလွှတ်တော်) စာ-၁၂၉]

၁၂၄။ ရှေ့နေရှေ့ရပ်များသည် ရုံးချိန်းရက်များတွင် တရားရုံးသို့ အချိန်မီသွားရောက်ရန် တာဝန်ရှိပါသည်။ ကိုယ်တိုင်မတက်ရောက်နိုင်သောနေ့ရက်များတွင် အခြားရှေ့နေ တစ်ဦးတစ်ယောက်နှင့် စီစဉ်ပေးရန် တာဝန်ရှိပါသည်။ (တရားရုံးများလက်စွဲ၊ အပိုဒ် ၂၇)

၁၂၅။ ရှေ့နေမလာရောက်နိုင်သည့်အတွက် အမှုရွှေ့ဆိုင်းရခြင်းမှာ အလွန်ရှားခဲစေရမည်ဖြစ်ကြောင်း၊ အမှုကို ကြားနာစစ်ဆေးမည့်နေ့၌ ရှေ့နေ ရုတ်တရက် မကျန်းမမာဖြစ်၍ တရားရုံးသို့ လာရောက်ရန်သော်လည်းကောင်း၊ တရားရုံးတွင် ရှိနေရန်သော်လည်းကောင်း မစွမ်းနိုင်မှသာ ထိုသို့ရွှေ့ဆိုင်းခြင်းကို သာမန်အားဖြင့် ခွင့်ပြုရမည်ဖြစ်ကြောင်း တရားရုံးများသို့ ညွှန်ကြားထားခြင်းရှိသည်ကို ရှေ့နေရှေ့ရပ်များ သတိမူသင့်ပါသည်။ (တရားရုံးများလက်စွဲ၊ အပိုဒ်-၄၆၅)

၁၂၆။ အမှုသည်များ သဘောတူရုံမျှနှင့်သော်လည်းကောင်း၊ ရှေ့နေများ မလာရောက်သည့်အတွက်ကြောင့်သော်လည်းကောင်း၊ အမှုရွှေ့ဆိုင်းရန် အကြောင်း မလုံလောက်သည်ကို ရှေ့နေရှေ့ရပ်များ သတိပြုသင့်ပါသည်။ (တရားရုံးများလက်စွဲ၊ အပိုဒ်-၂၇)

၁၂၇။ ရှေ့နေရှေ့ရပ်များသည် အမှုရွှေ့ဆိုင်းလိုလျှင် ကြိုတင်လျှောက်ထားရန် တာဝန်ရှိပါသည်။ အမှုရွှေ့ဆိုင်းခွင့်မပြုလျှင် ရုံးချိန်းနေ့၌ မိမိအမှုသည်အတွက်

ကိုယ်စားလှယ် လိုက်ပါဆောင်ရွက်စေခြင်းငှာ တတ်နိုင်သမျှ စီစဉ်ပေးရန် တာဝန်ရှိပါသည်။ [တရားရုံးများလက်စွဲ၊ အပိုဒ် ၅၄(ဂ) ]

၁၂၈။ ရှေ့နေတစ်ဦး၏ လုပ်ရိုးလုပ်စဉ် တာဝန်ဝတ္တရားများ ဆောင်ရွက်ခဲ့သည်ကို အကြောင်းပြုပြီး၊ တစ်ဘက်အမှုသည်အတွက် လိုက်ပါဆောင်ရွက်နေသော ရှေ့နေတစ်ဦးကို မိမိဘက်ကသက်သေစာရင်းတွင် ထည့်သွင်းဖော်ပြကာ ထိုရှေ့နေအား အမှုတွင် လိုက်ပါဆောင်ရွက်ခွင့်မပြုရန် ကန့်ကွက်ခြင်းမပြုသင့်ပါ။ (၁၉၈၉ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ-၆)

၁၂၉။ ရှေ့နေရှေ့ရပ်များသည် တရားရုံးတွင် ရက်ချိန်းတောင်းခြင်း၊ လျှောက်လွှာတင်သွင်းခြင်းများကို မိမိလက်ထောက်ရှေ့နေနှင့်ဖြစ်စေ၊ အခြားရှေ့နေတစ်ဦးဦးဖြင့်ဖြစ်စေ ဆောင်ရွက်နိုင်ပါသည်။ ရှေ့နေစာရေး၊ အလုပ်သင်ရှေ့နေတို့သည် တရားရုံးတွင် တိုက်ရိုက်ဆောင်ရွက်ခြင်း မပြုနိုင်သည်ကို သတိပြုရပါမည်။

၁၃၀။ ရှေ့နေရှေ့ရပ်များသည် တရားရုံးက မပျက်မကွက် ကြားနာရန် ချိန်းဆိုထားသောနေ့ရက်တွင် သိလျက်နှင့်ပျက်ကွက်ပါက အလွန်ပေါ့ဆလစ်ဟင်းကြောင်း ပေါ်လွင်စေသည်ကို သတိပြုသင့်ပါသည်။ [၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ (တရားရုံးချုပ်) စာ-၈၇၄]

၁၃၁။ ရှေ့နေရှေ့ရပ်များသည် အမှုကြန့်ကြာစေရန် ရည်ရွယ်ပြီး အကြောင်းအမျိုးမျိုးပြကာ ရက်ချိန်းတောင်းခြင်း မပြုလုပ်သင့်ပါ။ (တရားရုံးများလက်စွဲ၊ အပိုဒ်-၂၂)

၁၃၂။ ရှေ့နေရှေ့ရပ်များသည် တရားမမှုများတွင် အကြောင်းအချက် ခိုင်လုံခြင်းမရှိသော လျှောက်လွှာအမျိုးမျိုးကို တင်သွင်းကာ အချိန်ဆွဲခြင်းမပြုလုပ်အပ်ပါ။

၁၃၃။ ရှေ့နေရှေ့ရပ်များသည် ရုံးချိန်းရက်များကို တစ်ဖက်နှင့်တစ်ဖက် ညှိနှိုင်းသတ်မှတ်သင့်ပါသည်။ [တရားရုံးများလက်စွဲ၊ အပိုဒ် ၁၅၄(၃) ]

၁၃၄။ ရှေ့နေရှေ့ရပ်များသည် ရုံးချိန်းရက် တိုက်ဆိုင်နေသောအခါ အဆင့်မြင့်ရုံးသို့ ဦးစားပေး သွားရောက်ရန်ဖြစ်ပါသည်။

၁၃၅။ ရှေ့နေရှေ့ရပ်များသည် အထက်ရုံးတွင် အမှန်တကယ် အမှုလိုက်ပါ ဆောင်ရွက်ရန်မရှိဘဲ ရှိသည်ဟု အကြောင်းပြပြီး အောက်ရုံးတွင် ရက်ချိန်းတောင်းယူခြင်း မပြုအပ်ပါ။ (တရားရုံးများညွှန်ကြားလွှာ ၂/၆၃ နှင့် ၃/၆၆)

၁၃၆။ ရပ်ဝေးမှလာရောက်လိုက်ပါဆောင်ရွက်သောရှေ့နေအား အဆင်မပြေဖြစ်စေရန် ရည်ရွယ်ပြီး ဒေသခံရှေ့နေက အကြောင်းအမျိုးမျိုးပြကာ ရက်ချိန်းတောင်းခြင်း မပြုသင့်ပါ။

၁၃၇။ ရှေ့နေရှေ့ရပ်များသည် ချိန်းဆိုသောနေ့ရက်တွင် အမှုစစ်ဆေးနိုင်သော အခြေအနေမရှိပါက တစ်ဖက်ရှေ့နေအား ကြိုတင်အသိပေးသင့်ပါသည်။

၁၃၈။ တစ်ဖက်ရှေ့နေသည် လုပ်ထုံးလုပ်နည်း မှားယွင်းနေသည်ကို တွေ့ရှိပါက ညွှန်ပြပေးသင့်ပါသည်။ လုပ်ထုံးလုပ်နည်း မှားယွင်းနေသည်ကို မညွှန်ပြပါက အမှုပိုမို၍ ကြန့်ကြာနိုင်သည်ကို သတိမူရမည်ဖြစ်ပါသည်။

၁၃၉။ ရှေ့နေရှေ့ရပ်များသည် တရားရုံး၏အချိန်ကို လေးစားသောအားဖြင့် အမှုအကြောင်းအရာများ၊ ဥပဒေပြဋ္ဌာန်းချက်များ၊ စီရင်ထုံး အကိုးအကားများကို တင်ပြရာ၌ တိုတိုနှင့်လိုရင်းကို တင်ပြရန် တာဝန်ရှိပါသည်။

၁၄၀။ ရှေ့နေရှေ့ရပ်များသည် တရားရုံးက လိုအပ်ပါက ရုံးသဟာယအဖြစ် ဆောင်ရွက်ပေးရန် တာဝန်ရှိပါသည်။ ယင်းတာဝန်ကို ထမ်းဆောင်ရသောအခါ မိမိသည် အမှုသည်တစ်ဦးဦးအား ကိုယ်စားပြုရန်မဟုတ်ဘဲ တရားရုံး၏ သဟာယလုပ်ငန်းများကို ထမ်းဆောင်ရန်တာဝန်ရှိပါသည်။

## (ဂ) အမှုသည်များနှင့်ပတ်သက်သည့် ရှေ့နေရှေ့ရပ်များ၏တာဝန်များ

၁၄၁။ ရှေ့နေရှေ့ရပ်များသည် မိမိအမှုသည်၏ တရားဥပဒေအရ ခံစားခွင့်ရှိသော အကျိုးစီးပွားများကို အပြည့်အဝ ခံစားခွင့်ရအောင် အစွမ်းကုန် ကြိုးပမ်း ထမ်းရွက်ပေးရန် တာဝန်ရှိပါသည်။

၁၄၂။ ရှေ့နေရှေ့ရပ်များသည် အမှုဖြစ်ရပ်အကြောင်းအရာ အစုံအလင်ကို သိရှိထားရန် မိမိအမှုသည်ထံမှ သေချာဂနစွာ စိတ်ရှည်လက်ရှည် မေးမြန်းလေ့လာရန် တာဝန်ရှိပါသည်။ အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများကိုလည်း သေချာစွာ ကြည့်ရှုစစ်ဆေးရန် တာဝန်ရှိပါသည်။

၁၄၃။ ရှေ့နေရှေ့ရပ်များသည် အမှုအဖြစ်အပျက် ဥပဒေ အချက်အလက်တို့ကို ကောင်းစွာ လေ့လာစိစစ်ပြီးနောက် အမှုအခြေအနေမှန်ကို မိမိအမှုသည်အား ရိုးသားပွင့်လင်းစွာ ပြောပြရန် တာဝန်ရှိပါသည်။

၁၄၄။ ရှေ့နေရှေ့ရပ်များသည် ရှေ့နေကိုယ်စားလှယ်စာဖြင့် လွှဲအပ်ခြင်းမပြုရသေးစေကာမူ အမှုလက်ခံပြီးဖြစ်က သီးခြား သဘောတူ သတ်မှတ်ချက်မရှိလျှင် အမှု အစမှအဆုံးအထိ လိုက်ပါဆောင်ရွက်ပေးရန် တာဝန်ရှိပါသည်။ အစပိုင်းရုံးချိန်းရက်များ၌သာ လိုက်ပါဆောင်ရွက်ပေးပြီး နောက်ပိုင်းရက်ချိန်းများတွင် အခကြေးငွေမရ၍ဟုဆိုကာ ဆောင်ရွက်မပေးတော့ဘဲ ပျက်ကွက်ခြင်းမပြုသင့်ပါ။ [အတွဲ ဂ၊ အောက်မြန်မာပြည် စီရင်ထုံးများ (၁၉၁၅-၁၆) စာ-၂၉၄]

၁၄၅။ သီးခြားသဘောတူညီချက်မရှိလျှင် သာမန်အားဖြင့် အမှုတစ်ခုအတွက် ရှေ့နေငှားရမ်းခြင်းသည် ယင်းအမှုကို အစမှအဆုံးတိုင် ပြီးစီးအောင် လိုက်ပါဆောင်ရွက်ရန် တာဝန်ရှိပါသည်။ တရားမမှုတစ်မှုတွင် ပဏာမငြင်းချက်ဖြင့် အမှုကို ပလပ်သည့်အမိန့်အပေါ် အယူခံဝင်ရာမှ ပြန်လည်စစ်ဆေးသည့် ရုံးချိန်းရက်များတွင် အထက်တန်းရှေ့နေတစ်ဦးသည် အမှုအတွက် ရှေ့နေခရယူထားပါလျက် ပျက်ကွက်ခြင်းမှာ မိမိ၏တာဝန်ကို မလျော်မကန် ဆောင်ရွက်ရာရောက်ပါသည်။

၁၄၆။ ရှေ့နေရှေ့ရပ်များသည် အမှုသည်ထံမှ အခကြေးငွေ လက်ခံရယူပြီးနောက် ယင်းအမှုအတွက် လိုက်ပါဆောင်ရွက်ပေးခြင်းမရှိဘဲ ပျက်ကွက်ခြင်းမပြုသင့်ပါ။ (အတွဲ ၉၊ အောက်မြန်မာပြည်ကီရင်ထုံးများ၊ စာ-၃၀၁) (အတွဲ ၂၊ ရန်ကုန်စီရင်ထုံးများ၊ စာ-၂၆၅)

၁၄၇။ ရှေ့နေရှေ့ရပ်များသည် အမှုခေါ် စာရင်း (Cause List) ကြည့်ရှုပြီး အမိန့်ချမှတ်သည့် နေ့ရက်တွင် လာရောက်နားထောင်က အမိန့်၏အကျိုးအကြောင်းကို မိမိ၏ အမှုသည်ဖြစ်သူအား အသိပေးပြောကြားရန် တာဝန်ရှိပါသည်။ [ အောက်မြန်မာနိုင်ငံ ပုံနှိပ်စီရင်ထုံးများ (၁၈၉၃-၁၉၀၀) စာ-၅၆၂ ]

၁၄၈။ မိမိ၏ပေါ့ဆမှုကြောင့် မိမိအမှုသည်တွင် နစ်နာမှုမဖြစ်ပေါ်စေရေးအတွက် အထူးသတိဝီရိယထားရှိရပါမည်။ မိမိ၏ပေါ့ဆမှုကြောင့် မိမိအမှုသည်တွင် နစ်နာဆုံးရှုံးမှုဖြစ်ပေါ်လာပါက မိမိအပေါ် ပြန်လည်၍ တရားစွဲဆိုနိုင်သည်ကို သတိပြုသင့်ပါသည်။ (ရှေ့နေလိုက်သူများ အက်ဥပဒေ၊ ပုဒ်မ ၄၄) (၁၉၆၀ ပြည့်နှစ်၊ မြန်မာနိုင်ငံစီရင်ထုံး (တရားလွှတ်တော်) စာ-၄၈၇) (၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံးများ (တရားရုံးချုပ်) စာ-၈၇၄) (၁၉၆၈ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး (တရားရုံးချုပ်) စာ-၂၆၄)

၁၄၉။ ရှေ့နေရှေ့ရပ်များသည် အမှုသည်အတွက် တရားရုံးသို့ တင်သွင်းပေးရမည့် အဆိုလွှာ၊ အချေလွှာ၊ လျှောက်လွှာ စသည်များကို ကာလစည်းကမ်းသတ် မကျော်လွန်မီ သတိဝီရိယရှိစွာဖြင့် တင်သွင်းပေးရန် တာဝန်ရှိပါသည်။

၁၅၀။ မိမိအမှုသည်အတွက် တင်သွင်းရမည့် လျှောက်လွှာ၊ အယူခံလွှာ စသည်တို့ကို မိမိစာရေးအား တင်သွင်းရန် အပ်နှင်းထားခဲ့လျှင် မိမိစာရေးက ဆောင်ရွက်ခြင်း ရှိမရှိ စိစစ်ရန်မှာ ရှေ့နေရှေ့ရပ်တို့၏ တာဝန်သာဖြစ်ပါသည်။ [၁၉၆၁ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး (တရားလွှတ်တော်) စာ-၂၅]

၁၅၁။ ရှေ့နေရှေ့ရပ်များသည် အမှုသည်က မိမိအား ပေးအပ်ထားသော အမှုနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို လုံခြုံစွာ ထိန်းသိမ်းထားရန်နှင့် အမှုကိစ္စ ပြီးပြတ်သောအခါတွင်ဖြစ်စေ၊ အမှုမလိုက်တော့သည့်အခါတွင်ဖြစ်စေ၊ အမှုသည်အား စနစ်တကျ ပြန်လည်ပေးအပ်ရန် တာဝန်ရှိပါသည်။

၁၅၂။ ရှေ့နေရှေ့ရပ်များသည် မိမိတို့လက်ဝယ်သို့ ရောက်ရှိလာသော အမှုသည်တို့၏ ငွေကြေးနှင့် ပစ္စည်းဥစ္စာများကို စာရင်းအင်းဖြင့် စနစ်တကျ ထိန်းသိမ်းကာ သက်ဆိုင်ရာ အမှုသည်များသို့ ပြန်လည်ပေးအပ်ရန် တာဝန်ရှိပါသည်။

၁၅၃။ အကြောင်းအရာနှင့်စပ်လျဉ်း၍ ရှေ့နေ၏ဝန်ခံချက်သည် အမှုသည်ကိုယ်တိုင် ဝန်ခံသကဲ့သို့ အကျိုးသက်ရောက်မှုရှိသဖြင့် အမှုသည်၏ ညွှန်ကြားချက် မရရှိဘဲ မဆောင်ရွက်မိစေရန် သတိပြုရပါမည်။ [ ၁၉၈၃ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး (ဗဟိုတရားရုံး) စာ-၁၄၅ ]

၁၅၄။ ရှေ့နေရှေ့ရပ်များသည် မိမိအမှုသည်အား အသိမပေးဘဲ၊ မိမိအမှုသည် သဘောတူညီချက် မရရှိဘဲ အမှုနုတ်သိမ်းခြင်း၊ အမှုကြေအေးခြင်း မပြုလုပ်ရပါ။ အမှုနုတ်သိမ်းခြင်း၊ ကြေအေးခြင်းများကို အမှုသည်၏ ညွှန်ကြားချက်အရသာ ဥပဒေနှင့်အညီ ဆောင်ရွက်ရန်ဖြစ်ပါသည်။ (ရန်ကုန်စီရင်ထုံး၊ အတွဲ ၇၊ စာ-၂၉၀) (၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ တရားလွှတ်တော်၊ စာ-၂၅၁)

၁၅၅။ ရှေ့နေရှေ့ရပ်များသည် မိမိအမှုသည်ထံမှ သိရှိထားသော အမှုနှင့်စပ်လျဉ်းသည့် အကြောင်းအချက်များကို မိမိအမှုသည်၏ သဘောတူညီချက်မရရှိဘဲ မည်သူကိုမျှ ထုတ်ဖော်ပြောဆိုခြင်းမပြုအပ်ပေ။ (သက်သေခံအက်ဥပဒေ ပုဒ်မ ၁၂၆)

၁၅၆။ ရှေ့နေရှေ့ရပ်များသည် အမှုသည်၏ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်သူသာမဟုတ်ပါဘဲ တရားရုံးအရာရှိများလည်း ဖြစ်သည်နှင့်အညီ ရိုးသားဖြောင့်မတ်စွာ ဆောင်ရွက်ရန် တာဝန်ရှိပါသည်။ [ ၁၉၅၃ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး (တရားလွှတ်တော်) စာ-၁၃၃ ]

၁၅၇။ ရှေ့နေရှေ့ရပ်များသည် အမှုသည်အား လမ်းမှန်သို့ရောက်အောင် ညွှန်ပြရန် တာဝန်ရှိသော ရှေ့ဆောင်ရှေ့ရွက်များဖြစ်ပါသည်။ အမှုသည်က မလျော်သောကိစ္စကို စေခိုင်းလျှင်ဖြစ်စေ၊ မှားယွင်းသော ယူဆချက်ဖြင့် အမှုလိုက်ခိုင်းလျှင်ဖြစ်စေ၊ မိမိအမှုသည်အား လမ်းမှန်ရောက်အောင် ညွှန်ပြရန် တာဝန်ရှိပါသည်။ ထိုသို့ လမ်းမှန်ကို ညွှန်ပြသော်လည်း သဘောပေါက်ခြင်းမရှိပါက အမှုသည်အား ကြိုတင် အသိပေးပြီး အမှုမှ နုတ်ထွက်သင့်ပါသည်။

၁၅၈။ ရုံးချိန်းရက်ကို ကြည့်ရှုရန်အတွက် အမှုသည်နှင့် ၎င်းအားကိုယ်စားပြုသူ ရှေ့နေတို့နှစ်ဦးစလုံး၌ တာဝန်ရှိသည်။ ရုံးချိန်းရက်ကို သဲသဲကွဲကွဲမသိနိုင်သော အမှုသည်၏ ချို့ယွင်းချက်ကို သိရှိပါလျက် အမှုသည်အား ရုံးချိန်းရက်ကို ကြည့်ရှုခိုင်းခြင်းမှာ ရှေ့နေ၌ တာဝန်မရှိဟု မဆိုနိုင်ချေ။ မိမိအား ငှားရမ်းသူ အမှုသည်၏ အကျိုးအတွက် ရုံးချိန်းရက်ကို ကြည့်ရှုရန် ရှေ့နေ၌ တာဝန်ရှိသဖြင့် ရှေ့နေ၏ ရုံးချိန်းကြည့်ရှုရန် ပျက်ကွက်မှုသည် ခွင့်လွှတ်ရန်အကြောင်းမရှိချေ။ (၁၉၉၁ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ-၆၃)

## (ဃ) သက်သေများနှင့်ပတ်သက်သည့် ရှေ့နေရှေ့ရပ်များ၏တာဝန်များ

၁၅၉။ တရားစီရင်ရာတွင် အကောင်းဆုံး သက်သေခံချက်ကို အလိုရှိအပ်သည်ဟူသော စကားနှင့်အညီ ရှေ့နေရှေ့ရပ်များသည် မိမိတို့လိုက်ပါဆောင်ရွက်သော အမှုအတွက် အကောင်းဆုံး သက်သေခံချက်များကို တင်ပြစစ်ဆေးပေးရန် တာဝန်ရှိပါသည်။

၁၆၀။ ရှေ့နေရှေ့ရပ်များသည် တရားရုံးသို့ သက်သေစာရင်း မတင်သွင်းမီ မည်သည့်သက်သေသည် မည်သည့်အချက်ကို သိမြင်ကြောင်း ကြိုတင် လေ့လာထားရန် လိုအပ်ပါသည်။

၁၆၁။ ရှေ့နေရှေ့ရပ်များသည် စာချုပ်စာတမ်း သက်သေခံချက်များ တင်သွင်းရန်ရှိပါက မည်သည့်သက်သေခံချက်မျိုးဖြင့် တင်သွင်းသင့်သည်ကို ကြိုတင် စိစစ်ထားရန် လိုအပ်ပါသည်။

၁၆၂။ ရှေ့နေရှေ့ရပ်များသည် သက်သေများကို စစ်ဆေးမေးမြန်းသည့်အခါ သက်သေ အလွယ်တကူနားလည်၍ အရန်သင့်ဖြေဆိုနိုင်ရန်အလို့ငှာ ရှင်းရှင်းလင်းလင်း မေးမြန်းရန် တာဝန်ရှိပါသည်။ ရှုပ်ထွေးစေတတ်သည့် မေးခွန်းရှည်ကြီးများဖြင့် အမှားမှား အယွင်းယွင်းဖြစ်အောင် မမေးသင့်ပါ။

၁၆၃။ ရှေ့နေရှေ့ရပ်များသည် သက်သေခံအက်ဥပဒေ၊ ပုဒ်မ ၁၄၆ အရ သက်သေအား ပြန်လှန်စစ်မေးခွင့် အပြည့်အဝပေးထားသော်လည်း သင့်လျော်သော အကြောင်းယုတ္တိမရှိဘဲ သက်သေ၏ အကျင့်စာရိတ္တကို ထိပါးစေသည့် စွပ်စွဲချက်ပါသော မေးခွန်းမျိုးနှင့် သက်သေအား ထိခိုက်နစ်နာစေမည့် မေးခွန်းမျိုးကို မေးမြန်းခြင်းမပြုရကြောင်း သက်သေခံအက်ဥပဒေပုဒ်မ ၁၄၈ (၃) နှင့် ပုဒ်မ ၁၄၉ တို့က ပိတ်ပင်ပြဋ္ဌာန်းထားသည်ကို သတိချပ်ရန်လိုသည်။ (၁၉၉၂-ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ-၈၂)

### (င) ရှေ့နေရှေ့ရပ်အချင်းချင်းနှင့်ပတ်သက်သည့် တာဝန်များ

၁၆၄။ ရှေ့နေရှေ့ရပ်များသည် အချင်းချင်းဆက်ဆံရာတွင် မိသားစုစိတ်ဓာတ်၊ ရဲဘော်ရဲဘက်စိတ်ဓာတ် ထားရှိအပ်ပါသည်။

၁၆၅။ ရှေ့နေရှေ့ရပ်များသည် အမှုလိုက်ပါ ဆောင်ရွက်ရာ၌ တစ်ဖက်ရှေ့နေအား ရန်သူသဖွယ် ဆက်ဆံခြင်းမပြုအပ်ပါ။ ရိုးရိုးသားသား ဆက်ဆံရန် တာဝန်ရှိပါသည်။

၁၆၆။ ရှေ့နေရှေ့ရပ်များသည် မိမိထက်အသက်ကြီးသော၊ ဝါရင့်သော ရှေ့နေကြီးများအား နေရာထိုင်ခင်း ဦးစားပေးခြင်း၊ တရားခွင်သို့ ရောက်လာသောအခါ နေရာရွှေ့ဖယ်ပေးခြင်းစသော ရိုသေခြင်း၊ နှိမ့်ချခြင်း စသည့် အစဉ်အလာကောင်းများကို ဆက်လက် ထိန်းသိမ်းသင့်ပါသည်။ (တရားရုံးချုပ်ရှေ့နေများကောင်စီ အက်ဥပဒေပုဒ်မ-၈)

၁၆၇။ ရှေ့နေရှေ့ရပ်များသည် အခြားရှေ့နေတစ်ဦး လိုက်ပါဆောင်ရွက်လျက်ရှိသော အမှုတွင် ယင်းရှေ့နေ၏ သဘောတူညီချက်မရရှိဘဲ ၎င်းနှင့်အတူ ဝင်ရောက်လိုက်ပါဆောင်ရွက်ခြင်း မပြုသင့်ပါ။

၁၆၈။ ရှေ့နေများသည် သက်သေများကို ပြန်လှန်စစ်မေးရာ၌ အမှုနှင့်စပ်ဆိုင်သော မေးခွန်းများကို မေးခြင်းဖြင့် မှန်မှန်နှင့်မြန်မြန် တရားစီရင်ရေးကို အထောက်အကူပြုရန် တာဝန်ရှိသည်။ အမှုနှင့်စပ်ဆိုင်ခြင်းမရှိသော ပြန်လှန်စစ်မေးခြင်းကို အချိန်ဆွဲပြီး ပြုလုပ်ခြင်းသည် သက်ဆိုင်သူအမှုသည်များအတွက် တရားစရိတ်တက်စေရုံမက အများပြည်သူတို့၏အချိန်ကို ဖြုန်းတီးရာရောက်စေပါသည်။ (၁၉၈၉ ခုနှစ်၊ မြန်မာနိုင်ငံ စီရင်ထုံး၊ စာ-၁၄)

## (စ) အလုပ်သင်ရှေ့နေများနှင့်ပတ်သက်သည့် တရားရုံးချုပ်ရှေ့နေများ၏ တာဝန်များ

၁၆၉။ ရှေ့နေရှေ့ရပ်များသည် မိမိတို့၏ အလုပ်သင်ရှေ့နေများအား တရားစီရင်ရေးဆိုင်ရာ မူဝါဒများ၊ အကျိုးဆောင်လိုသည့် စိတ်ဓာတ်များနှင့် ရှေ့နေရှေ့ရပ် လုပ်ငန်း၏ အစဉ်အလာကောင်းများကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရန် သင်ကြားပေးရန် တာဝန်ရှိပါသည်။

၁၇၀။ တရားရုံးချုပ်ရှေ့နေများသည် မိမိတို့၏ အလုပ်သင်ရှေ့နေများအား အမှုသည်များထံမှ ညွှန်ကြားချက်များခံယူခြင်းနှင့်တကွ လျှောက်လွှာများ၊ အဆိုလွှာများ၊ ချေလွှာများ၊ ပြန်ကြားလွှာများ၊ နို့တစ်စာများ၊ စာချုပ်စာတမ်းများ ရေးနည်း သားနည်းများကို စာတွေ့ လက်တွေ့ ပုံစံ နမူနာများနှင့်တကွ သင်ကြားပေးရန် တာဝန်ရှိပါသည်။

၁၇၁။ တရားရုံးချုပ်ရှေ့နေများသည် မိမိတို့၏ အလုပ်သင်ရှေ့နေများအား သက်သေစစ်နည်း၊ လျှောက်လဲချက်ပေးနည်းနှင့် တရားသူကြီးများ၊ တစ်ဖက်ရှေ့နေများ၊ သက်သေများအား သိက္ခာရှိရှိ၊ တည်တည်ကြည်ကြည် ဆက်ဆံပုံ ဆက်ဆံနည်းများကို သင်ကြားပေးရန် တာဝန်ရှိပါသည်။

၁၇၂။ ရှေ့နေလုပ်ငန်းအတတ်ပညာကို သင်ကြားလိုသူများအား တရားရုံးချုပ်ရှေ့နေအဖြစ် လုပ်သက်အနည်းဆုံး (၅) နှစ် ရှိခဲ့ပြီးသူ၊ တရားရုံးချုပ်ရှေ့နေ တစ်ဦးဦးက တရားရုံးချုပ်၏ ခွင့်ပြုချက်ဖြင့် ရှေ့နေလုပ်ငန်း အတတ်ပညာများကို သင်ကြားပေးရန် တာဝန်ရှိပါသည်။ (တရားရုံးများလက်စွဲ၊ အပိုဒ် ၇)

# အခန်း (၃)

## ရှေ့နေရှေ့ရပ်များ၏ အခွင့်အရေးများ

၁၇၃။ ရှေ့နေရှေ့ရပ်များသည် တရားစီရင်ရေးတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ထမ်းဆောင်နေကြသူများ ဖြစ်ကြပါသည်။ ထို့ကြောင့် ရှေ့နေရှေ့ရပ်များကို **တရားရုံး၏ အရာရှိများအဖြစ် နားလည်ထားကြပါသည်။**

၁၇၄။ တရားစီရင်ရေးလုပ်ငန်း၏ အခြေခံသဘောမှာ တရားမျှတမှု၊ သာနာ ညီမျှမှုနှင့် ကောင်းမြတ်သော စိတ်ထားရှိခြင်းတို့ဖြစ်ရာ **တရားစီရင်ရေးလုပ်ငန်းတွင် အကျိုးဆောင်များအဖြစ်** ပါဝင်ထမ်းရွက်ကြရသော ရှေ့နေရှေ့ရပ်များသည် အခကြေးငွေရရှိရေးကိုသာ ပဓာနမထားဘဲ ရှေ့နေရှေ့ရပ်လုပ်ငန်းတာဝန်နှင့် လိုက်လျော ညီထွေသည့် ကျင့်ဝတ်သိက္ခာများကို စောင့်စည်းလိုက်နာကြလျက် တရားစီရင်ရေးလုပ်ငန်း ရည်မှန်းချက်များ အောင်မြင်ရေးအတွက် မိမိတို့ အထူးပြုလေ့လာထားသော ဥပဒေပညာဖြင့် **မိမိတို့၏ အခန်းကဏ္ဍမှ** ကြိုးပမ်းထမ်းရွက်ကြရပါသည်။

၁၇၅။ ရှေ့နေရှေ့ရပ်များသည် ဉာဏစွမ်းအားရှင်များ ဖြစ်ကြပါသည်။ မိမိတို့ စိုက်ထုတ်ပေးအပ်သော လုပ်အားစွမ်းအားအလိုက် အကျိုးခံစားခွင့်များအဖြစ် လုပ်ခကြေးငွေများ၊ ရှေ့နေလိုက်ခများကို ရရှိခံစားနိုင်ကြပါသည်။ ထို့ပြင် လုပ်ငန်းပိုင်းဆိုင်ရာ အခွင့်အရေးများလည်း ရှိပါသည်။ ဤအခန်းတွင် ရှေ့နေရှေ့ရပ်များ၏ အခွင့်အရေးများကို ဖော်ပြထားပါသည်။

**၁၇၆။ တရားရုံးချုပ်ရှေ့နေများသည် တရားရုံးချုပ်တွင်လည်းကောင်း၊ တရားရုံးချုပ်၏** လက်အောက်ခံ တရားရုံးများတွင်လည်းကောင်း၊ ခုံရုံးများတွင်လည်းကောင်း၊ ဥပဒေနှင့်အညီ သက်သေခံချက်ရယူပိုင်ခွင့်ရှိသော အခြားခုံအဖွဲ့ သို့မဟုတ် ပုဂ္ဂိုလ်ရှေ့တွင်လည်းကောင်း တည်ဆဲဥပဒေအရ လိုက်ပါဆောင်ရွက်ခွင့်ပြုသော အခြားအာဏာပိုင် သို့မဟုတ် ပုဂ္ဂိုလ်ရှေ့တွင်လည်းကောင်း လိုက်ပါဆောင်ရွက်ခွင့်ရှိပါသည်။ [ တရားရုံးချုပ် ရှေ့နေများကောင်စီ အက်ဥပဒေပုဒ်မ ၁၄ (၁) ]

၁၇၇။ တရားရုံးချုပ်ရှေ့နေများသည် တရားရုံးချုပ် လက်အောက်ခံ တရားရုံးအားလုံးတွင် ပြစ်မှုနှင့် တရားမမှုများ၌ အမှုသည်များအတွက် လျှောက်လဲခြင်းနှင့် ဆောင်ရွက်ခြင်း နှစ်ရပ်စလုံးတို့ကို ပြုလုပ်ခွင့်ရှိပါသည်။ (တရားရုံးများလက်စွဲ၊ အပိုဒ်-၄)

၁၇၈။ ရှေ့နေလိုက်သူများ အက်ဥပဒေပုဒ်မ ၇ အရ ထုတ်ပေးသောလက်မှတ်ကို ကိုင်ဆောင်ထားသူ အထက်တန်းရှေ့နေများသည် တရားရုံးချုပ်မှအပ တရားရုံးအားလုံးနှင့် အခွန်ရုံးအားလုံးတို့တွင် တက်ရောက်ခြင်း၊ လျှောက်ထားခြင်း၊ ဆောင်ရွက်ခြင်းများ ပြုလုပ်ခွင့်ရှိပါသည်။ (ရှေ့နေလိုက်သူများ အက်ဥပဒေ၊ ပုဒ်မ ၈) (တရားမကျင့်ထုံး အမိန့်၃ နည်း ၁) (တရားရုံးများလက်စွဲ၊ အပိုဒ်-၇)

၁၇၉။ အထက်တန်းရှေ့နေများသည် ရှေ့နေလိုက်သူများအက်ဥပဒေပုဒ်မ ၇ အရ ထုတ်ပေးထားသည့် လက်မှတ်ရရှိပြီးနောက်၊ ရှေ့နေအဖြစ် သက်ဆိုင်ရာ ပြည်နယ်/တိုင်း တရားရုံးတွင် စာရင်းတင်သွင်းထားပြီးဖြစ်လျှင် ရှေ့နေရှေ့ရပ်အဖြစ် လိုက်ပါဆောင်ရွက်ခွင့်ရှိပါသည်။ (ရှေ့နေလိုက်သူများအက်ဥပဒေ၊ ပုဒ်မ-၁၀)

၁၈၀။ ရှေ့နေရှေ့ရပ်များသည် အမှုသည်ကဖြစ်စေ၊ အခွင့်ရကိုယ်စားလှယ်ကဖြစ်စေ၊ အာဏာလွှဲအပ်ခံရသူကဖြစ်စေ ရှေ့နေကိုယ်စားလှယ်လွှဲစာတွင် လက်မှတ်ရေးထိုးခန့်ထားခြင်းခံရပါက အမှုလိုက်ပါဆောင်ရွက်ခွင့်ရှိပါသည်။ (တရားမကျင့်ထုံး အမိန့် ၃၊ နည်း ၄)

၁၈၁။ ရှေ့နေရှေ့ရပ်များသည် အမှုလိုက်ပါဆောင်ရွက်ရန် လွှဲအပ်ခန့်ထားခြင်းခံရပါက အမှုမစွဲမီမှ အမှုပြီးဆုံးသည်အထိ လိုက်ပါဆောင်ရွက်ခွင့်ရှိပါသည်။ ရှေ့နေငှားရမ်းသူက လွှဲအပ်ခန့်ထားခြင်းကို ရုပ်သိမ်းလျှင် ဆက်လက်လိုက်ပါဆောင်ရွက်ခွင့်မရှိတော့သည်ကို ရှေ့နေရှေ့ရပ်များ သတိပြုရပါမည်။ (၁၉၅၄ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး (တရားလွှတ်တော်) စာ-၁၄၁)

